# တည်ဖြတ်မထားသော အစီရင်ခံစာ

ဖြန့်ချီ - အများဖတ်ရှုနိုင်ရန်
၂၈ ရက်၊ ဇွန်လ၊ ၂၀၂၃ ခုနှစ်

မူရင်းဘာသာစကား - အင်္ဂလိပ်

**လူ့အခွင့်အရေး ကောင်စီ**
**ငါးဆယ့် သုံးကြိမ်မြောက် အစည်းအဝေး**
၁၉ ရက်၊ ဇွန်လ - ၁၄ ရက်၊ ဇူလိုင်လ ၂၀၂၃ ခုနှစ်
အစီအစဉ် အမှတ် ၄
**ကုလသမဂ္ဂ လူ့အခွင့်အရေး ကောင်စီ၏ အာရုံစိုက်မှု လိုအပ်နေသော လူ့အခွင့်အရေး အခြေအနေ**

## ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ၊ ၁ ရက်နေ့မှ လက်ရှိအချိန်အထိ မြန်မာနိုင်ငံ၏ လူ့အခွင့်အရေး အခြေအနေ

## ကုလသမဂ္ဂ လူ့အခွင့်အရေး ဆိုင်ရာ မဟာမင်းကြီး၏ အစီရင်ခံစာ

*အနှစ်ချုပ်*

လူ့အခွင့်အရေးကောင်စီ၏ ဆုံးဖြတ်ချက် အမှတ် - A/HRC/၄၉/၂၃ အရ ပြင်ဆင်ထားသည့် ဤအစီရင်ခံစာသည် မြန်မာနိုင်ငံတွင် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ၊ ၁ ရက်မှ ၂၀၂၃ ခုနှစ်၊ ဧပြီလ၊ ၃၀ ရက်နေ့အတွင်း ဖြစ်ပွားခဲ့သော လူ့အခွင့်အရေး ချိုးဖောက်မှုများ၏ ဦးတည်ရာနှင့် ပုံစံတူ အခင်းအကျင်းများ၊ အထူးသဖြင့် လူသားချင်း စာနာထောက်ထားမှု အကူအညီ ပေးခွင့်ကို ငြင်းဆန်မှုကြောင့် လူ့အခွင့်အရေး အခြေအနေ အပေါ် သက်ရောက်မှုများကို ဖော်ပြထားပါသည်။ ဤအစီရင်ခံစာသည် လူ့အခွင့်အရေးအား စောင့်ထိန်းရမည့် တာဝန်ရှိ လူပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းအားလုံး၏ လုပ်ဆောင်ချက်များကို ခွဲခြမ်းစိတ်ဖြာခဲ့ရာ လူ့အခွင့်အရေး ကျင့်သုံးခွင့်နှင့် လူသားချင်း စာနာထောက်ထားမှု ဆိုင်ရာ ဆောင်ရွက်မှု အပေါ် အပျက်သဘောဆောင်သော သက်ရောက်မှုများ အတွက် တာဝန်အရှိဆုံး အဖွဲ့အစည်းမှာ မြန်မာ စစ်တပ် ဖြစ်ကြောင်း တွေ့ရှိရပါသည်။ မြန်မာစစ်တပ်သည် တိုင်းပြည်၏ တရားဥပဒေနှင့် အုပ်ချုပ်ရေး ကဏ္ဍများကို လက်နက်သဖွယ် အသုံးချကာ ကြိုးကိုင်ခြယ်လှယ်ခြင်းဖြင့် အလုံးစုံ ထိန်းချုပ်သည့် စနစ်တစ်ရပ်ကို ထူထောင်ထားကြောင်း အစီရင်ခံစာတွင် ဖော်ပြထားပါသည်။ စားနပ်ရိက္ခာနှင့် ကျန်းမာရေး စောင့်ရှောက်မှု အပါအဝင် လူသားအားလုံး အတွက် မရှိမဖြစ် အရေးပါလှသော လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်နှင့် ပြည်သူများ၏ အခြေခံ အခွင့်အရေးကို လေးစား လိုက်နာရန်၊ ကာကွယ်စောင့်ရှောက်ရန်နှင့် ဖြည့်ဆည်းဆောင်ရွက်ပေးရန် အတွက် ခိုင်မာအားကောင်းသော အရေးပေါ် လုပ်ဆောင်ချက်များ လိုအပ်နေပါသည်။ ဤအစီရင်ခံစာသည် မြန်မာစစ်တပ် အာဏာပိုင်များ၊ အမျိုးသား ညီညွတ်ရေး အစိုးရ အဖွဲ့နှင့် နိုင်ငံတကာ အသိုက်အဝန်း အပါအဝင် အခြား သက်ဆိုင်သူ အားလုံးသို့ တိုက်တွန်းအကြံပြုချက်များ ပေးခြင်းဖြင့် နိဂုံးချုပ်ထားပါသည်။

## ၁။ အဖွင့်မိတ်ဆက်နှင့် နည်းစနစ်

၁။ ကုလသမဂ္ဂ လူ့အခွင့်အရေး ကောင်စီ ဆုံးဖြတ်ချက် အမှတ် A/HRC/၄၉/ အရ လူ့အခွင့်အရေး ကောင်စီသည် ကုလသမဂ္ဂ လူ့အခွင့်အရေး ဆိုင်ရာ မဟာမင်းကြီးကို မြန်မာနိုင်ငံ အတွင်း အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ဥပဒေနှင့် နိုင်ငံတကာ လူသားချင်းစာနာမှု ဥပဒေ ချိုးဖောက်မှုများ အပေါ် တာဝန်ခံမှု ရှိစေရေး အတွက် အထူး အာရုံပြုလျက် မြန်မာနိုင်ငံရှိ လူ့အခွင့်အရေး အခြေအနေအား စောင့်ကြည့် လေ့လာရန်နှင့် လိုအပ်သော ထပ်တိုး ခြေလှမ်းများအား ချမှတ်ဆောင်ရွက်နိုင်ဖို့ တိုက်တွန်းအကြံပြုချက်များ ပေးရန်၊ ကုလသမဂ္ဂ လူ့အခွင့်အရေး ကောင်စီ၏ ၅၃ ကြိမ်မြောက် အစည်းအဝေး၌ မြန်မာနိုင်ငံ၏ လက်ရှိ အကျပ်အတည်းများအား ဖော်ပြရန်နှင့် နောက်ဆုံးရ အခြေအနေအား ရေးသားတင်ပြရန် တောင်းဆိုခဲ့ပါသည်။

၂။ ဤအစီရင်ခံစာတွင် ကုလသမဂ္ဂ လူ့အခွင့်အရေး ဆိုင်ရာ မဟာမင်းကြီးရုံး (OHCHR) က ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ၊ ၁ ရက်နေ့မှ ၂၀၂၃ ခုနှစ်၊ ဧပြီလ၊ ၃၀ ရက်နေ့ အထိ အဝေးမှ စောင့်ကြည့် လေ့လာခြင်းနှင့် မှတ်တမ်းတင်ခြင်း လုပ်ငန်းစဉ်များမှ တွေ့ရှိချက်များကို တင်ပြထားပြီး အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ဥပဒေ အပြင် သက်ဆိုင်သည့် နေရာတွင် နိုင်ငံတကာ လူသားချင်း စာနာထောက်ထားမှု ဥပဒေနှင့် ရာဇဝတ်မှု ဆိုင်ရာ ဥပဒေ ချိုးဖောက်မှုများ၏ ဦးတည်ရာ လမ်းကြောင်းများနှင့် ပုံစံတူ အခင်းအကျင်းများကို ဆန်းစစ်လေ့လာထားပါသည်။ အဆိုပါ ချိုးဖောက်မှုများအနက် အဓိကအချက်မှာ မြန်မာစစ်တပ်က အရပ်သား ပြည်သူများအား ပစ်မှတ်ထား တိုက်ခိုက်နေခြင်း ဖြစ်ပြီး ၎င်းတွင် ရိုဟင်ဂျာများ၊ အခြား လူနည်းစုများနှင့် အစိုးရ အတိုက်အခံများ အပေါ် ပစ်မှတ်ထားသည့် အကြမ်းဖက်လုပ်ရပ်များ၊ လက်နက်ကိုင် ပဋိပက္ခနှင့် စနစ်တကျ ခွဲခြားဆက်ဆံမှုများကို ခံစားနေရသည့် လူထု အသိုက်အဝန်းများထံ လူသားချင်း စာနာမှု အကူအညီ ပေးပို့ခွင့် အပေါ် ကန့်သတ်ပိတ်ပင်သည့် လုပ်ရပ်များ ပါဝင်နေပါသည်။

၃။ လူသားချင်း စာနာမှု အကူအညီ ပေးခွင့်ကို ငြင်းပယ်ခြင်း သာမက စားနပ်ရိက္ခာ မဖူလုံမှုနှင့် ဆေးဘက်ဆိုင်ရာ အကူအညီ ကင်းမဲ့ခြင်း ကဲ့သို့ လူ့အခွင့်အရေး ချိုးဖောက်မှု ဆိုင်ရာ ရေရှည် အကျိုးဆက်များကြောင့် အကြမ်းဖက်မှုနှင့် လက်နက်ကိုင် ပဋိပက္ခ ဖြစ်ပွားရာ ဒေသများ အတွင်း အရပ်သားများ အသက်ဆုံးရှုံးမှုများ ရှိလာသည် ဖြစ်ရာ ဤအစီရင်ခံစာသည် အကြမ်းဖက်မှုနှင့် ပဋိပက္ခများမှ ရုတ်ချည်း၊ တိုက်ရိုက် ထိခိုက်ဆုံးရှုံးမှုများ အပြင် အခြေခံ လူ့အခွင့်အရေးအား ကျင့်သုံးနိုင်စွမ်း အပေါ် အလယ်အလတ်နှင့် ရေရှည် ဆိုးကျိုးသက်ရောက်မှုများ အပါအဝင် အရပ်သား ကာကွယ်စောင့်ရှောက်ရေးမှု ပေးရန် အတွက် ဘက်စုံ ချဉ်းကပ်မှုများ အပေါ် အခြေခံ၍ ရေးသားထားပါသည်။

၄။ ကုလသမဂ္ဂ လုံခြုံရေး ကောင်စီသည် အရပ်သား ကာကွယ်စောင့်ရှောက်မှု အားကောင်းစေရေးနှင့် အဓိပ္ပာယ် ပြည့်ဝသော လူသားချင်း စာနာမှု အကူအညီပေးခွင့် အပေါ် အာမခံချက် ရရှိရေးတို့၏ အရေးပါမှုကို ထပ်တိုး အတည်ပြုလျက် မြန်မာနိုင်ငံ၏ အခြေအနေနှင့် စပ်လျဉ်း၍ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလတွင် ချမှတ်ခဲ့သည့် အစည်းအဝေး ဆုံးဖြတ်ချက် အမှတ် S/RES/2669(2022) အရ “မြန်မာနိုင်ငံတွင် အကူအညီ လိုအပ်နေသူ အားလုံးအတွက် လူသားချင်း စာနာမှု ဆိုင်ရာ အကူအညီများ တိုးမြှင့်ပေးရန် လိုအပ်ကြောင်းနှင့် လူသားချင်း စာနာမှုနှင့် ဆေးဘက်ဆိုင်ရာ ဝန်ထမ်းများ အကာအကွယ် ရရှိရေး၊ ဘေးကင်းရေးနှင့် လုံခြုံရေးတို့ အပြည့်အဝ ရရှိစေရန် အတွက်” အထူးပြု ဖော်ထုတ်ပြောကြားရင်း “အပြည့်အဝ၊ ဘေးကင်းလုံခြုံပြီး အတားအဆီး မရှိသော လူသားချင်း စာနာထောက်ထားမှု အကူအညီ ပေးနိုင်ခွင့် ရရှိရေး” အတွက် ထပ်လောင်း အတည်ပြု ပြောကြားခဲ့ပါသည်။[1] ထို့အပြင် လူသားချင်း စာနာမှု အကူအညီ ပေးခွင့် ပိုမို ခက်ခဲလာခြင်းနှင့် လူသားချင်း စာနာမှု ဝန်ထမ်းများအား တိုက်ခိုက်မှု တိုးလာခြင်းကြောင့် ယိုယွင်းလာသော လူသားချင်း စာနာမှု အခြေအနေများ အပေါ် ကုလသမဂ္ဂ၏ စိုးရိမ်ပူပန်မှုများကို ဖော်ထုတ်ရန် အတွက် [2] မြန်မာနိုင်ငံရှိ လူပုဂ္ဂိုလ်အားလုံး၏ လူ့အခွင့်အရေးကို အပြည့်အဝ အကာအကွယ် ပေးနိုင်ရန်နှင့် အင်အား အသုံးပြုမှုအား အစွမ်းကုန် ချုပ်ကိုင်ရန် ကုလသမဂ္ဂ လူ့အခွင့်အရေး ကောင်စီက မြန်မာစစ်တပ်အား တောင်းဆိုခဲ့ပါသည်။ အလားတူပင် အရှေ့တောင် အာရှနိုင်ငံများ အသင်း (အာဆီယံ)ကလည်း မြန်မာ အာဏာပိုင်များကို သဘောတူညီချက် ငါးရပ်ကို အကောင်အထည် ဖော်ဆောင်ရန်၊ အကြမ်းဖက်မှုများ ရပ်တန့်ရန်နှင့် လူသားချင်း စာနာမှု ဆိုင်ရာ အကူအညီများအား ဘေးကင်းပြီး အချိန်နှင့်တပြေးညီ ပေးအပ်နိုင်ရန် အကြိမ်ကြိမ်

[1] http://unscr.com/en/resolutions/doc/2669

[2] https://documents-dds-ny.un.org/doc/UNDOC/LTD/G23/058/09/PDF/G2305809.pdf?OpenElement

တောင်းဆိုခဲ့ပါသည်။[3] သို့သော် မြန်မာစစ်တပ်သည် ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ အာဏာသိမ်းမှုနှင့် အတိုက်အခံတို့၏ ထုတ်ဖော်ပြောကြားမှုများ အပေါ် စဉ်ဆက်မပြတ် အကြမ်းဖက် ဖိနှိပ်ခြင်းတို့ကြောင့် ဖြစ်လာသည့် လူ့အခွင့်အရေး၊ လူသားချင်း စာနာမှုနှင့် နိုင်ငံရေး ဆိုင်ရာ အကျပ်အတည်းများအား ဖြေရှင်းရန် ကြိုးပမ်းမှုများအား လုံး၀ လစ်လျူရှုကြောင်း ပြသနေပြီး ၎င်းသည် ယခင် အစီရင်ခံစာများမှ တွေ့ရှိချက်များကို အတည်ပြုနေပါသည်။[4]

၅။ ကုလသမဂ္ဂ၏ အဓိက မူ၀ါဒ စာတမ်းများတွင် လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်မှု၏ အရေးပါမှုကို လူသားချင်း စာနာမှု လုပ်ငန်း၌[5] အဓိက ဦးစားပေး အဖြစ် မီးမောင်းထိုး ဖော်ပြထားပါသည်။ ၎င်းမူ၀ါဒ စာတမ်းများတွင် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ လူ့အခွင့်အရေး အတွက် အရေးယူ ဆောင်ရွက်ကြရန် နှိုးဆော်ချက် (Call to Action for Human Rights)[6] နှင့် ဘုံရည်မှန်းချက် (Common Agenda)[7] စာတမ်းများ ပါ၀င်ပြီး ၎င်းတို့တွင် တရားမျှတမှု၊ ငြိမ်းချမ်းရေး၊ တားဆီးကာကွယ်ရေး၊ တန်းတူညီမျှမှုနှင့် မည်သူ့ကိုမျှ နောက်ချန်မထားရေးမူ စသည့် ရည်မှန်းချက် ပန်းတိုင်များ အထမြောက် အောင်မြင်ရေးသည် လူ့အခွင့်အရေး ကာကွယ်ရေးနှင့် အားပေးမြှင့်တင်ရေး၏ အဓိကကျသော စနစ်တွင် အခြေခံကြောင်း ထပ်လောင်း ဖော်ပြထားပါသည်။

၆။ ကုလသမဂ္ဂ လူ့အခွင့်အရေး ဆိုင်ရာ မဟာမင်းကြီးရုံး (OHCHR) သည် ဒေတာ အချက်အလက် ကောက်ယူမှုအား ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရန်နှင့် အတည်ပြုထားသော သတင်း အချက်အလက်များ မှန်ကန်မှု ရှိစေရန် အပြင် မတူကွဲပြားသော လူပုဂ္ဂိုလ် အဖွဲ့အစည်းများ၏ ပါ၀င်မှုနှင့် ကိုယ်စားပြုမှု အားကောင်းစေရန် အလို့ငှာ ဆွေးနွေးသူများအား တတ်နိုင်သလောက် အများအပြား ပါ၀င်ရန် ကြိုးပမ်းခဲ့ပါသည်။ (OHCHR)သည် မူလရင်းမြစ်များမှ သက်သေခံများနှင့် သတင်းအချက်အလက်များ သာမက ကျူးလွန်ခံရသူများနှင့် မျက်မြင် သက်သေများ အပြင် အတည်ပြုနိုင်သော ဒုတိယတန်းစား ရင်းမြစ်များကို စုဆောင်း ကောက်ယူပြီး ၎င်းတို့ အားလုံးကို OHCHR ၏ စံချိန်စံနှုန်းနှင့် အညီ ယုံကြည်စိတ်ချရသော အကဲဖြတ်မှုများဖြင့် ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါသည်။ လုံခြုံစိတ်ချရသော ဆက်သွယ်ရေး ပလပ်ဖောင်းများမှတစ်ဆင့် အဓိက ရင်းမြစ်များနှင့် တွေ့ဆုံမေးမြန်းမှုပေါင်း ၅၃ ကြိမ် ပြုလုပ်ခဲ့သည်နှင့် အတူ မိတ်ဖက်များနှင့် အဖွဲ့အစည်းများဖြင့် တရား၀င် အကြံယူ ဆွေးနွေးမှုပေါင်း ၄၃ ကြိမ် ပြုလုပ်ခဲ့ပါသည်။ ထို့အပြင် OHCHR အဖွဲ့သည် ကုလသမဂ္ဂ စနစ်နှင့် ၎င်း၏ တည်ဆဲ ယန္တရားများမှတစ်ဆင့် သတင်း အချက်အလက်နှင့် ဒေတာ အချက်အလက်များကို စုဆောင်းရန် ကြိုးပမ်းခဲ့ပါသည်။ မြန်မာစစ်တပ်၊ အမျိုးသား ညီညွတ်ရေး အစိုးရ[8]၊ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများနှင့် သက်ဆိုင်ရာ ပုဂ္ဂလိက ကုမ္ပဏီများသို့လည်း မေးခွန်းလွှာများ တင်သွင်းကာ သဘောထား မှတ်ချက်များ တောင်းခံခဲ့သည်။

၇။ မှတ်တမ်းပြုစုသည့် လုပ်ငန်းစဉ် တစ်လျှောက်လုံးတွင် တွေ့ရှိချက် အရ ဆွေးနွေးသူများသည် ၎င်းတို့၏ ပုဂ္ဂိုလ်ရေး လုံခြုံမှု အတွက် စိုးရိမ်ပူပန်မှု ရှိကြောင်း တစိုက်မတ်မတ် ထုတ်ဖော်ပြောဆိုခဲ့ပြီး ၎င်းတို့သည် အခြေခံ လူ့အခွင့်အရေးကို ငြိမ်းချမ်းစွာ ကျင့်သုံးခြင်း အပေါ် မြန်မာစစ်တပ်က လက်တုံ့ပြန် အရေးယူမည်ကို စိုးရိမ်ကြောက်ရွံ့မှုသည် မြန်မာနိုင်ငံ ပြည်တွင်းနှင့် ပြည်ပရှိ နေ့တဓူ၀ ကဏ္ဍအသီးသီးတွင် ပျံ့နှံ့နေပါသည်။ မြန်မာစစ်တပ်သည် လူ့အခွင့်အရေး ချိုးဖောက်မှုများအား ကျယ်ကျယ်ပြန့်ပြန့် နှင့် စနစ်တကျ ကျူးလွန်နေခြင်းကြောင့် မြန်မာ ပြည်သူလူထုနှင့် နိုင်ငံတကာ အဖွဲ့အစည်းများ၏ အဖွဲ့၀င်များသည် စစ်အုပ်ချုပ်မှု ဆန့်ကျင်သော သဘောထား အမြင်များအား ထုတ်ဖော်ပြောကြားခြင်း၊ သတင်းအချက်အလက် ပေးပို့ဝေမျှခြင်း၊ အကူအညီ လိုအပ်သူများကို ပံ့ပိုးပေးခြင်းနှင့် စစ်တပ်မှ ခွင့်ပြုချက် မရှိဘဲ ဆောင်ရွက်ခြင်း

[3] https://asean.org/wp-content/uploads/2022/02/Consolidated_Draft_Chairmans_Statement_on_the_Situation_in_Myanmar-4.pdf

[4] https://www.ohchr.org/en/documents/country-reports/ahrc5221-situation-human-rights-myanmar-1-february-2022-report-united

[5] https://interagencystandingcommittee.org/system/files/2020-11/IASC%20Policy%20on%20Protection%20in%20Humanitarian%20Action%2C%202016.pdf

[6] https://www.un.org/sg/sites/www.un.org.sg/files/atoms/files/The_Highest_Asperation_A_Call_To_Action_For_Human_Right_English.pdf

[7] https://www.un.org/en/content/common-agenda-report/assets/pdf/Common_Agenda_Report_English.pdf

[8] အမျိုးသား ညီညွတ်ရေး အစိုးရအား သမ္မတ ဦးဝင်းမြင့်က ဦးဆောင်ကာ ဒေါ်အောင်ဆန်းစုကြည်အား နိုင်ငံတော်၏ အတိုင်ပင်ခံ အဖြစ် ခန့်အပ်ထားပါသည်။ ဆက်လက် ဖတ်ရှုရန် အစီရင်ခံစာ A/HRC/48/67၊ အပိုဒ် 70-72

အပြင် အခြား လုပ်ရပ်များကြောင့် ပစ်မှတ်ထား အရေးယူခံရနိုင်သည့် အန္တရာယ်ရှိကြောင်း ယုံကြည်ရသည့် ပတ်ဝန်းကျင်မျိုးကို ဖန်တီးနေပါသည်။ ထိုအကြောင်းချက်များကြောင့် “ထိခိုက်နစ်နာမှု မရှိစေရေး” အခြေခံမူကို အပြည့်အဝ လေးစားလိုက်နာရင်း ဤအစီရင်ခံစာတွင် ဆွေးနွေးသူများက အထူး ဖော်ပြခွင့် ပေးခြင်းမှအပ ၎င်းတို့အား ဖော်ထုတ်သတ်မှတ်နိုင်မည့် သတင်း အချက်အလက် အသေးစိတ်ကို ထည့်သွင်း တင်ပြထားခြင်း မရှိပါ။ အလားတူပင် ဤအစီရင်ခံစာ၌ လိုအပ်ပါက ပထဝီ ဒေသဆိုင်ရာ အကိုးအကားဖြင့် ဖော်ပြမှုကို ကန့်သတ်ထားမည် ဖြစ်ပြီး မြန်မာနိုင်ငံ၏ မြို့နယ်များအား ဖော်ပြခြင်းသည် သက်ဆိုင်ရာ လူပုဂ္ဂိုလ် တစ်ဦးချင်းစီ အပေါ် လက်တုံ့ပြန်မှုများ ရှိလာနိုင်သည့် အတွက် ပြည်နယ်နှင့် တိုင်းဒေသကြီးဖြင့်သာ ဖော်ပြမည် ဖြစ်ပါသည်။

၈။ ပြည်တွင်း၊ ပြည်ပမှ ဆွေးနွေးသူများသည် အသိပညာနှင့် သတင်း အချက်အလက် အမြောက်အများကို ပေးနိုင်သော်လည်း မြန်မာစစ်တပ်၏ လက်စားချေခြင်းကို ရှောင်ရှားနိုင်ရန် ၎င်းတို့၏ အချက်အလက်အား လူသိရှင်ကြား ထုတ်ဖော်ခြင်း မပြုရန် OHCHR အား အကြိမ်ကြိမ် သတိပေးလေ့ရှိပါသည်။ အလားတူ အခြေအနေ ကဲ့သို့ပင် လူ့အခွင့်အရေးအား စောင့်ထိန်းရမည့် အခြား လက်နက်ကိုင် အဖွဲ့အစည်းများ ထိန်းချုပ်ရာ ဒေသအတွင်း နေထိုင်သူများ၌လည်း စိုးရိမ်ကြောက်ရွံ့မှု ရှိနေခြင်းကြောင့် အချက်အလက် အနည်းငယ်သာ စုဆောင်းရရှိခဲ့သည် ဖြစ်ရာ ဤအစီရင်ခံစာ၌ ၎င်းအချက်အလက်များမှာ လိုအပ်သော စိစစ်ခြင်းနှင့် အလုံးစုံ ပါဝင်ခြင်း ဆိုင်ရာ စံချိန်စံနှုန်းများအား ပြည့်မီခြင်း မရှိပါ။ ထို့ကြောင့် မြန်မာစစ်တပ် ထိန်းချုပ်မှု ပြင်ပရှိ ဒေသများ၌လည်း လူသားချင်း စာနာမှု အကူအညီပေးခွင့် မပြုသည့် အကြောင်းအရာအား ထပ်လောင်း မှတ်တမ်းကောက်ယူရန် လိုအပ်လာပါသည်။

၉။ မြန်မာနိုင်ငံ လူသားချင်း စာနာမှု အခင်းအကျင်း၏ ရှုပ်ထွေးနက်နဲမှုကို ပြည်နယ်နှင့် တိုင်းဒေသကြီးရှိ ကွဲပြားစုံလင်သော လူ့အသိုက်အဝန်း အသီးသီး၏ လိုအပ်ချက်များနှင့် အကူအညီပေးရာတွင် ပြည်တွင်း ပြည်ပမှ အဖွဲ့အစည်း အမြောက်အများ ပါဝင်မှုတို့ဖြင့် သတ်မှတ်နိုင်ပါသည်။ အခြေအနေ တစ်ခုစီနှင့် ပါဝင်ပတ်သက်သည့် လူပုဂ္ဂိုလ်/ အဖွဲ့အစည်း တစ်ခုစီ အတွက် လူသားချင်း စာနာမှု အကူအညီ ပေးခွင့်၊ စိန်ခေါ်မှု အခက်အခဲနှင့် စိုးရိမ်ပူပန်မှုများမှာ မတူကွဲပြားပါသည်။ ဤအစီရင်ခံစာသည် ဒေသလိုက် အထူး ဖြစ်စဉ်များကို အာရုံစိုက်မည့် အစား အသက်တမျှ အရေးကြီးသော အထောက်အပံ့နှင့် အရေးကြီးသော ဝန်ဆောင်မှုများအား လိုအပ်သူများ၏ အခွင့်အရေး အပေါ် သက်ရောက်မှု ရှိသည့် တာဝန်ရှိ ပုဂ္ဂိုလ်များ၏ ပိုမိုကျယ်ပြန့်သည့် လုပ်ဆောင်ချက်နှင့် ပျက်ကွက်မှုများ ဆိုင်ရာ ပုံစံတူ အခင်းအကျင်းအား ခွဲခြမ်းစိတ်ဖြာခြင်း အားဖြင့် တာဝန်ခံမှုရှိရေး လုပ်ငန်းစဉ်များ အားကောင်းရေး အတွက် ကြိုးပမ်းခြင်း ဖြစ်ပါသည်။

## ၂။ ဥပဒေရေးရာ မူဘောင်

၁၀။ အကြီးစား လူ့အခွင့်အရေး ချိုးဖောက်မှုများသည် မြန်မာနိုင်ငံ အနှံ့အပြားတွင် ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပွားခြင်းကြောင့် လူသားချင်း စာနာမှု ဆိုင်ရာ အခြေအနေမှာ ပိုမို ဆိုးရွားလာသည် ဖြစ်ရာ ဤအစီရင်ခံစာတွင် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ဥပဒေနှင့် နိုင်ငံတကာ လူသားချင်း စာနာမှု ဆိုင်ရာ ဥပဒေ အရ တာဝန်ရှိသော အဖွဲ့အစည်းများမှ တာဝန်ခံမှုရှိရေးနှင့် အရပ်သား လူထုတို့ လုံလောက်သော အကာအကွယ် ရရှိစေရေး ကိစ္စရပ်များကို အားပေးမြှင့်တင်ရန် ရည်ရွယ်၍ ရေးသားထားခြင်း ဖြစ်ပါသည်။ လူသားချင်း စာနာမှု ဆိုင်ရာ ကူညီကယ်ဆယ်ရေး လုပ်ငန်းများတွင် ကယ်ဆယ်ရေး အထောက်အပံ့များ၊ ပစ္စည်းကိရိယာများ ပေးအပ်ခြင်းနှင့် ဝန်ထမ်းများ စေလွှတ်ခြင်းမှတစ်ဆင့် အကြမ်းဖက်မှုနှင့် ပဋိပက္ခကြောင့် တိုက်ရိုက် ခံစားရသူများ အသက်ရှင်နိုင်ရန် ရည်မှန်း၍ အထူး ရည်ရွယ်ဆောင်ရွက်သည့် လုပ်ငန်းစဉ်များ ပါဝင်နိုင်ရန် ထည့်သွင်းသုံးသပ်ထားပါသည်။ ဤအစီရင်ခံစာ၏ ရည်ရွယ်ချက် အတွက် ကူညီထောက်ပံ့ရေး ပစ္စည်းများနှင့် ဝန်ဆောင်မှု ပေးရာတွင် တက်ကြွစွာ ထောက်ပံ့ဆောင်ရွက်သည့် အဖွဲ့အစည်းများ အနေဖြင့် ၎င်းတို့၏ ပင်မ လုပ်ငန်းဆောင်တာများမှာ အရပ်သားများ၏ ဆင်းရဲဒုက္ခကို လျှော့ချရန်နှင့် ၎င်းတို့၏ အသက်ရှင်သန်မှုကို အာမခံရန် ရည်ရွယ်သောကြောင့် ၎င်းတို့အား ကူညီထောက်ပံ့ရေး အဖွဲ့အစည်းများ အဖြစ် သတ်မှတ် ဖော်ပြထားပါသည်။ အကျိုးဆက်အားဖြင့် လူသားချင်း စာနာမှု အကူအညီ ပေးခွင့်အား ငြင်းပယ်ခြင်း ဟူသည်မှာ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး ကဏ္ဍမှ ဖြစ်စေ၊ စစ်ရေး လုပ်ဆောင်ချက်ကြောင့် ဖြစ်စေ တာဝန်ရှိ ပုဂ္ဂိုလ်များက ချမှတ်ဆောင်ရွက်သည့် လုပ်ငန်းစဉ်များနှင့် အစီအမံများ အားလုံးသည် အကူအညီ

လိုအပ်နေသူများထံသို့ သွားရောက်ကူညီခွင့်နှင့် အကူအညီ ပေးသူများထံသို့ ဒုက္ခသည်များ သွားရောက်ခွင့်ကို တားဆီးပိတ်ပင်ခြင်းကို ညွှန်းဆိုခြင်း ဖြစ်ပါသည်။ တာဝန်ရှိ ပုဂ္ဂိုလ်များ၏ ရည်ရွယ်ချက် မည်သို့ပင် ရှိစေကာမူ ထိုသို့ လူသားချင်း စာနာမှု အကူအညီ ရယူခွင့်အား ငြင်းပယ်ခြင်းသည် ၎င်းတို့၏ လုပ်ရပ်ကို ညွှန်ပြနေပြီး ၎င်းသည် လူသားချင်း စာနာမှု အကူအညီများအား အပြည့်အဝ၊ ဘေးကင်းလုံခြုံစွာ၊ အတားအဆီး မရှိ၊ မျှော်မှန်းထားသလို ရယူနိုင်ခွင့်အား တားဆီးပိတ်ပင်စေသည့် တိုက်ရိုက် သက်ရောက်မှု ရှိစေပါသည်။

၁၁။ လူ့အခွင့်အရေး စာချုပ်နှင့် ဓလေ့ထုံးတမ်း ဥပဒေများ အရ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်းတွင် ပြဋ္ဌာန်းထားသော အသက်ရှင်သန်ခွင့်၊ လုံခြုံစွာ နေထိုင်ခွင့်၊ စားနပ်ရိက္ခာ ရရှိခွင့်၊ နေအိမ် အမိုးအကာဖြင့် နေထိုင်ခွင့်၊ ကျန်းမာရေး ဆိုင်ရာ အခွင့်အရေးများ၊ သွားလာလှုပ်ရှားခွင့်နှင့် သတင်း အချက်အလက် သိရှိရယူခွင့် ရရှိရေး စသည့် အခြေခံကျသော အခွင့်အရေးများအား ငြိမ်းချမ်းရေးနှင့် စစ်ပွဲ ကာလ နှစ်ရပ်စလုံးတွင် လက်တွေ့ အကောင်အထည် ဖော်ဆောင်နိုင်မည့် အခြေအနေများ ဖန်တီးပေးရမည် ဖြစ်သလို ကာကွယ်ပေးရမည် ဖြစ်ကြောင်း ဖော်ပြထားပါသည်။ [9] စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေး ဆိုင်ရာ ကော်မတီက ၎င်း၏ အထွေထွေ သဘောထား မှတ်ချက် အမှတ် ၁၂[10] နှင့် အမှတ် ၁၄[11] တွင် ကျန်းမာရေး စောင့်ရှောက်မှုပေးသည့် နေရာများ၊ ဝန်ဆောင်မှုများနှင့် မရှိမဖြစ် လိုအပ်သော ဆေးဝါးများအား လက်လှမ်းမီ ရယူခွင့်၊ ငတ်မွတ်ခြင်းနှင့် အဟာရချို့တဲ့မှုမှ လုံးဝ ကင်းဝေးစေရန် လုံလောက်သော စားနပ်ရိက္ခာ ရယူခွင့်၊ အခြေခံ အမိုးအကာ၊ နေအိမ်နှင့် သောက်သုံးရေ ရရှိရေး ဆိုင်ရာ ရပိုင်ခွင့်၊နှင့် ဘေးကင်းပြီး သောက်သုံးနိုင်သော ရေများ လုံလောက်စွာ ရရှိခွင့် စသည့် အခွင့်အရေးများအား ခွဲခြားဆက်ဆံမှု မရှိဘဲ ရရှိရေး အတွက် သေချာစေမည့် လုပ်ငန်းတာဝန်များ အပါအဝင် ကျန်းမာရေး ကဏ္ဍတွင် အခြေခံ အခွင့်အရေး အဆင့်မှ အမြင့်ဆုံး ရနိုင်သည့် စံချိန်စံနှုန်း အထိ ပင်မ တာဝန် ဝတ္တရားများအား အသိအမှတ်ပြုထားပါသည်။ လူသားချင်း စာနာမှု အကူအညီပေးခွင့်အား ငြင်းပယ်ခြင်းသည် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု ဆိုင်ရာ အခွင့်အရေးများ အပါအဝင် လူ့အခွင့်အရေးအား လေးစားလိုက်နာရန်နှင့် ကာကွယ်စောင့်ရှောက်ရန် တာဝန်ဝတ္တရားများကို ချိုးဖောက်ရာ ရောက်နိုင်ပါသည်။ ဖော်ပြပါ တာဝန်ဝတ္တရားများအား ဆက်စပ်ဆင်ခြင်ရလျှင် တာဝန်ရှိ ပုဂ္ဂိုလ်များသည် လူသားချင်း စာနာမှု လုပ်ငန်း ဆောင်ရွက်နေသော ပုဂ္ဂိုလ်များ၊ ကူညီကယ်ဆယ်ရေး အဆောက်အအုံများ၊ ပစ္စည်း ကိရိယာများနှင့် ပို့ဆောင်ရေး ယာဉ်များကို တိုက်ခိုက်ခြင်းမှ မဖြစ်မနေ ရှောင်ရှားရမည် ဖြစ်သလို ကျန်းမာရေး ဝန်ထမ်းများနှင့် လူသားချင်း စာနာမှု လုပ်ငန်း ဆောင်ရွက်နေသူများ၊ အရပ်ဘက် လူမှု အဖွဲ့အစည်းများ၊ အစိုးရ မဟုတ်သော အဖွဲ့အစည်းများ၊ သတင်းသမားများနှင့် မီဒီယာသမားများ အပေါ် အလွန်အကျွံ ကန့်သတ်ချက်များ ချမှတ်ခြင်း မပြုရပေ။ ၎င်းသည် အကူအညီ လိုအပ်နေသော လူထုထံသို့ လူသားချင်း စာနာမှု အကူအညီများကို ဘက်မလိုက်ဘဲ၊ အတားအဆီး ကင်းကင်းနှင့် ကြိုတင်ခန့်မှန်းနိုင်သော နည်းလမ်းများဖြင့် ရောက်ရှိစေရန် ဖြစ်ပြီး ၎င်းသည် လူထု၏ ကာကွယ်စောင့်ရှောက်ရေး ဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် ကြိုးပမ်းမှုများ၏ အရေးပါသော အစိတ်အပိုင်း တစ်ခုလည်း ဖြစ်ပါသည်။

၁၂။ အပြည်ပြည်ဆိုင်ရာ လူသားချင်း စာနာမှု ဥပဒေဘောင် အတွင်း အရပ်သားနှင့် တိုက်ပွဲ ဆက်လက် မဝင်နိုင်သူများသည် ဂျနီဗာ သဘောတူညီချက်များနှင့် သက်ဆိုင်ရာ ဓလေ့ထုံးတမ်း ဥပဒေများ၏ ဘုံအပိုဒ် ၃ မှ ဆင်းသက်လာသော အကာအကွယ်များ အားလုံးကို ခံစားခွင့် ရှိပြီး လိုအပ်နေသော အရပ်သား လူထုသည် ဘက်လိုက်မှု ကင်းသော လူသားချင်း စာနာမှု အကူအညီများကို ရယူခံစားခွင့် ရှိပါသည်။ [12] နိုင်ငံတကာ လူသားချင်း စာနာမှု ဥပဒေအရ ပဋိပက္ခတွင် ပါဝင်ပတ်သက်နေသော အဖွဲ့အစည်းများသည် ၎င်းတို့၏ ထိန်းချုပ်ပိုင်ခွင့် အာဏာကို လေးစားလိုက်နာရမည် ဖြစ်ပြီး အကူအညီ လိုအပ်နေသူများထံသို့ ဘက်လိုက်မှု ကင်းသော လူသားချင်း စာနာမှု အကူအညီများအား ပိတ်ပင်တားဆီးခြင်း မရှိဘဲ လွတ်လပ်စွာ ရောက်ရှိနိုင်ရန်

---

9 https://www.ohchr.org/sites/default/files/Documents/Publications/HR_in_armed_conflict.pdf မြန်မာနိုင်ငံသည် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးဆိုင်ရာ နိုင်ငံတကာ ပဋိညာဉ် (ICESCR) စာချုပ်၊ အမျိုးသမီးများ အပေါ် ခွဲခြားဆက်ဆံမှု ပုံစံ အားလုံး ပပျောက်ရေး ဆိုင်ရာ နိုင်ငံတကာ သဘောတူ စာချုပ်၊ ကလေးသူငယ် အခွင့်အရေး ဆိုင်ရာ သဘောတူစာချုပ်၊ မသန်စွမ်းသူများ အခွင့်အရေး ဆိုင်ရာ နိုင်ငံတကာ သဘောတူ စာချုပ်တို့၏ အဖွဲ့ဝင် နိုင်ငံ ဖြစ်သည်။

10 https://documents-dds-ny.un.org/doc/UNDOC/GEN/G99/420/12/PDF/G9942012.pdf?OpenElement

11 https://www.ohchr.org/sites/default/files/Documents/Issues/Women/WRGS/Health/GC14.pdf

12 https://www.icrc.org/en/publication/0421-commentary-additional-protocols-8-june-1977-geneva-conventions-12-august-1949

စီစဉ်ပေးရပါမည်။[13] လက်နက်ကိုင် ပဋိပက္ခများ ဖြစ်ပွားသည့် အခင်းအကျင်းတွင် လူသားချင်း စာနာမှု အကူအညီများအား ရည်ရွယ်ချက်ရှိရှိ တားဆီးပိတ်ပင်ခြင်း သို့မဟုတ် ကူညီခွင့်အား ငြင်းပယ်ခြင်းသည် ရည်ရွယ်ချက်ရှိရှိ သတ်ဖြတ်ခြင်း၊ ညှင်းပန်းနှိပ်စက်ခြင်းနှင့် အခြား လူမဆန်သော ဆက်ဆံမှု၊ ဝေတ်မွတ်စေမှုနှင့် သိမ်းကြုံး ပြစ်ဒဏ်ပေးမှု ကဲ့သို့သော စစ်ရာဇဝတ်များ အဖြစ် သတ်မှတ်ကောင်း သတ်မှတ်နိုင်ပါသည်။ ထိုသို့ လူသားချင်း စာနာမှု ကူညီခွင့်အား ရည်ရွယ်ချက်ရှိရှိ ငြင်းပယ်ခြင်းသည် အရပ်သား လူထု အပေါ် ကျယ်ကျယ်ပြန့်ပြန့် သို့မဟုတ် စနစ်တကျ ကျူးလွန်သည့် အခြေအနေမျိုးတွင် လူသတ်မှု၊ သုတ်သင် ရှင်းလင်းမှု၊ ညှင်းပန်းနှိပ်စက်မှုနှင့် အခြားသော လူမဆန်သည့် လုပ်ရပ်များ သို့မဟုတ် ဖိနှိပ်ညှင်းပန်းမှု ကဲ့သို့ လူသားမျိုးနွယ် အပေါ် ကျူးလွန်သည့် ရာဇဝတ်မှု အဖြစ်လည်း သတ်မှတ်နိုင်ပါသည်။

## ၃။ လူ့အခွင့်အရေး အခြေအနေနှင့် အရပ်သားများအား ကာကွယ်စောင့်ရှောက်မှု

၁၃။ ယခင်က အစီရင်ခံခဲ့သည့် အတိုင်း မြန်မာစစ်တပ်သည် အရပ်သားလူထုအား ပစ်မှတ်ထားသည့် “ဖြတ်လေးဖြတ်” နည်းဗျူဟာ [14] အပါအဝင် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလမှ စ၍ ၎င်း၏ စစ်ရေး လှုပ်ရှားမှုများကြောင့် မြန်မာ နိုင်ငံအဝှမ်း နေရာအနှံ့ ဖြစ်ပွားနေသော လူ့အခွင့်အရေး ချိုးဖောက်မှုများ၏ ဒဏ်ကို လူထုတစ်ရပ်လုံးက ခံစားနေရပြီး လူသားချင်း စာနာမှု ဆိုင်ရာ ဆိုးကျိုး သက်ရောက်မှုများကို သိသိသာသာ ဖြစ်ပေါ်စေသည်။

၁၄။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှ ၂၀၂၃ ခုနှစ် ဧပြီလ အတွင်း မြန်မာစစ်တပ်၏ လက်ချက်ကြောင့် လူပေါင်း ၃,၄၅၂ ဦးထက်မနည်း သေဆုံးပြီး ၂၁,၈၀၇ ဦး အဖမ်းခံခဲ့ရကြောင်း၊ တရားစီရင်ရေး ဆိုင်ရာ အာမခံချက်များကို လေးစားလိုက်နာခြင်း မရှိဘဲ ပြစ်ဒဏ်ပေးခံရသူ ၅,၈၃၉ ဦး ရှိကြောင်း ယုံကြည်စိတ်ချရသည့် ရင်းမြစ်များက အတည်ပြုခဲ့ပါသည်။ ထို့အပြင် ၁၅၄ ဦးကို သေဒဏ်ချမှတ်ခဲ့ပြီး လေးဦးကို ကွပ်မျက်ခဲ့ကြောင်း သိရပါသည်။[15] ခန့်မှန်းခြေ လူပေါင်း ၁.၅ သန်းခန့်သည် ပြည်တွင်း အိုးအိမ်စွန့်ခွာ ထွက်ပြေးခဲ့ရပြီး မြန်မာနိုင်ငံ၏ အလယ်ပိုင်း ဒေသများတွင်ပင် လူဦးရေ တစ်သန်းနီးပါး နေရပ်စွန့်ခွာ တိမ်းရှောင်နေရကာ အရပ်ဘက် ဆိုင်ရာ နေအိမ်၊ အဆောက်အအုံ ၆၀,၀၀၀ ခန့် မီးလောင် ပျက်စီးခဲ့ကြောင်း သိရသည်။[16] လူ ၇၅,၀၀၀ ကျော် အိမ်နီးနားချင်း နိုင်ငံများသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြောင်း သိရသည်။[17] ရိုဟင်ဂျာ တစ်သန်းကျော်သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ဒုက္ခသည် စခန်းများတွင် အလွန်ဆိုးရွားသော အခြေအနေအောက်၌ နေထိုင်လျက်ရှိပြီး လူသားချင်း စာနာမှု ရံပုံငွေ အကန့်အသတ်သာ ရရှိခြင်းကြောင့် မကြာသေးမီ ကာလ၌ စားနပ်ရိက္ခာ အထောက်အပံ့ ပမာဏအား လျှော့ချလိုက်သည် ဖြစ်ရာ အလွန်ဆိုးရွားသော အကျိုးဆက်များ ဖြစ်လာနိုင်သည်ဟု မျှော်မှန်းရပါသည်။[18] ရခိုင်ပြည်နယ်တွင် ကျန်ရှိနေသော ရိုဟင်ဂျာဦးရေ ၆၀၀,၀၀၀ အနက် ၁၅၀,၀၀၀ နီးပါးသည် စခန်းများတွင် နေထိုင်လျက် ရှိကြပြီး ၎င်းတို့သည် ထိုစခန်းများ၌ လွတ်လပ်စွာ သွားလာခွင့် အပါအဝင် အခြား အခြေခံ အခွင့်အရေးများ ဆုံးရှုံးနေကြပါသည်။ လက်ရှိ အခြေအနေအရ ရိုဟင်ဂျာများသည် ဘေးကင်းလုံခြုံ၍ လူ့ဂုဏ်သိက္ခာနှင့် အညီ ရေရှည်တည်တံ့သော နည်းဖြင့် နေရပ်ပြန် နေထိုင်နိုင်ရန် မဖြစ်နိုင်သေးပေ။

၁၅။ ကိုဗစ် ၁၉ ကပ်ရောဂါ၏ ကာလကြာရှည် သက်ရောက်မှုနှင့်အတူ မြန်မာစစ်တပ်၏ အာဏာသိမ်းမှုသည် ဆယ်စုနှစ် တစ်ခုနီးပါး နိုင်ငံ၏ ဖြစ်ထွန်းတိုးတက်မှုကို ချေဖျက်ခဲ့ပြီး ၂၀၂၀ ခုနှစ်၊ မတ်လမှ စ၍ နိုင်ငံ၏ ဆင်းရဲမွဲတေမှု အဆင့်ကို နှစ်ဆ တိုးစေခဲ့ပါသည်။[19] ခန့်မှန်းချက်များ အရ မြန်မာနိုင်ငံ၏ လူဦးရေ သုံးပုံ တစ်ပုံ ဖြစ်သည့် ၁၇.၆ သန်းသည် လူသားချင်း စာနာထောက်ထားမှု အကူအညီ ပုံစံ တစ်မျိုးမျိုးကို လိုအပ်လျက် ရှိပြီး အာဏာသိမ်းမှု မတိုင်မီက အကူအညီ လိုအပ်သည့် လူဦးရေ တစ်သန်းနှင့် နှိုင်းယှဉ်ပါက အကူအညီ လိုအပ်သူ ဦးရေ တစ်ရှိန်ထိုး များလာသည်ဟု ဆိုနိုင်ပါသည်။[20] အစိုးရ အဆက်ဆက်သည် ဆယ်စုနှစ် များစွာကြာအောင်

---

[13] ICRC, *Customary International Humanitarian Law Database*, Rule 55

[14] A/HRC/52/21

[15] https://aappb.org/?cat=109

[16] https://reliefweb.int/attachments/ef5a4668-4964-4da9-83e1-472fc4ec544e/OCHA%20Myanmar%20-%20Humanitarian%20Update%20No.%2029.pdf0

[17] https://reporting.unhcr.org/document/4475

[18] https://news.un.org/en/story/2023/02/1133597

[19] https://www.worldbank.org/en/country/myanmar/publication/myanmar-economic-monitor-july-2022-reforms-reversed

[20] https://myanmar.un.org/sites/default/files/2023-01/mmr_humanitarian_response_plan_2023%20final.pdf

လူသားချင်း စာနာမှု အကူအညီပေးခွင့် အပေါ် ကန့်သတ်ချက်များ ချမှတ်ခဲ့ပြီး ထိုသို့ အကူအညီ ပေးခွင့်အား ကန့်သတ်မှု အများစုကို လူနည်းစု အုပ်စုများ အပေါ် ပစ်မှတ်ထား၍ ကန့်သတ်ခဲ့ခြင်း ဖြစ်သည်။ အာဏာသိမ်းပြီး နောက်ပိုင်း ရပ်ရွာလူထု အသိုက်အဝန်း အားလုံး အတွက် လူသားချင်း စာနာမှု လိုအပ်ချက်များ တစ်ရှိန်ထိုး မြင့်တက်လာချိန်တွင် ကန့်သတ်ပိတ်ပင်မှုများမှာ သိသိသာသာ များပြားလာပါသည်။

၁၆။ မြန်မာနိုင်ငံတွင် စားနပ်ရိက္ခာ မလုံလောက်မှု မြင့်တက်လာပြီး လူဦးရေ ၁၅.၂ သန်းသည် အစားအစာနှင့် အာဟာရ ထောက်ပံ့မှုများ လိုအပ်နေသည်။ စားသောက်ကုန်ဈေးနှုန်းများမှာ သိသိသာသာ မြင့်တင်ခဲ့ပြီး ၂၀၂၁ ခုနှစ်တွင် ၆၃ ရာခိုင်နှုန်းနှင့် ၂၀၂၂ ခုနှစ်တွင် ၁၇၇ ရာခိုင်နှုန်း အသီးသီး မြင့်တက်ခဲ့သည်။ ဆက်လက်ဖြစ်ပွားနေသည့် အကြမ်းဖက်မှုနှင့် မလုံခြုံမှု၊ ခရီးသွားလာမှု ကန့်သတ်ချက်များ၊ နေရပ်စွန့်ခွာ ရှောင်တိမ်းရခြင်း၊ မြေသိမ်းမှုများ၊ မြေမြှုပ်မိုင်းနှင့် မပေါက်ကွဲသည့် လက်နက်များ ပျံ့ကျဲနေမှုတို့ကြောင့် မြေအသုံးချမှု နည်းလာခြင်း၊ စိုက်ပျိုးရေး လုပ်သား မလုံလောက်ခြင်းနှင့် သယ်ယူပို့ဆောင်မှု စရိတ်စက ကြီးမြင့်ခြင်းကြောင့် စားသောက်ကုန် ထုတ်လုပ်မှု ကျဆင်းလာပါသည်။ မြန်မာပြည်သူများသည် ငတ်မွတ်ခေါင်းပါးသည့် အန္တရာယ်ကြုံတွေ့နိုင်ကြောင်း ဆွေးနွေးသူများက မီးမောင်းထိုး ပြောကြားခဲ့ပါသည်။

၁၇။ မြန်မာစစ်တပ်သည် ကျန်းမာရေးစောင့်ရှောက်မှု ပေးသည့် ဝန်ထမ်းများနှင့် အခြေခံအဆောက်အအုံများအား တိုက်ရိုက် ပစ်ခတ်တိုက်ခိုက်မှုများနှင့် စားနပ်ရိက္ခာ ကူညီထောက်ပံ့ခွင့် အပေါ် နိုင်ထက်စီးနင်း ပြင်းပြင်းထန်ထန် ကန့်သတ်ချုပ်ချယ်မှုများ သာမက အသက်ကယ်ဆယ်နိုင်သော လူသားချင်း စာနာထောက်ထားမှု အကူအညီ ပေးသည့် လုပ်ငန်းစဉ်များအား ထိန်းချုပ်ကန့်သတ်ရန် အစိုးရ၏ ဥပဒေရေးရာနှင့် အုပ်ချုပ်ရေး မူဘောင် အဖွဲ့အစည်းများကို လက်နက်သဖွယ် ဆက်လက် အသုံးချနေပါသည်။ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလတွင်[21] နိုင်ငံအဝှမ်းရှိ မြို့နယ်ပေါင်း ၄၀ ၌ စစ်အုပ်ချုပ်ရေး အမိန့် ပြဋ္ဌာန်းလိုက်ခြင်းကြောင့် အကူအညီ လိုအပ်နေသော ပြည်သူများအတွက် ထောက်ပံ့ကူညီနိုင်ခြေမှာ ပိုမို လျော့နည်းသွားခဲ့သည်။နောက်

[21] https://www.burmalibrary.org/sites/burmalibrary.org/files/obl/GNLM2023-02-03-red.pdf, https://www.burmalibrary.org/sites/burmalibrary.org/files/obl/GNLM2023-02-23-red.pdf. ၂၀၂၁ ခုနှစ်တွင် ရန်ကုန်နှင့် ချင်းပြည်နယ်ရှိ မြို့နယ် ၇ ခုတွင် စစ်အုပ်ချုပ်ရေး ထုတ်ပြန်ခဲ့သည်။

## က။ အကူအညီ လိုအပ်နေသော လူထုထံသို့ သွားရောက်ကူညီခွင့်

၁၈။ လူသားချင်း စာနာမှု ဆိုင်ရာ သွားရောက်ကူညီခွင့် အပေါ် တားဆီးပိတ်ပင်မှုများသည် ယခင် အစိုးရ လက်ထက်ကတည်းက သိသိသာသာ ရှိခဲ့ပြီး ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်ရှိ ရိုဟင်ဂျာများ အပါအဝင် နေရပ်စွန့်ခွာ ပြည်သူများ အတွက် ကူညီကယ်ဆယ်ရေး လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ အလွန်အမင်း စိုးရိမ်ပူပန်မှုများ ရှိခဲ့ပါသည်။ မြန်မာစစ်တပ်က တစ်နိုင်ငံလုံးအား အပြည့်အဝ ထိန်းချုပ်ရန် ကြိုးပမ်းမှု၏ တစိတ်တပိုင်း အနေဖြင့် ၎င်းသည် အရပ်ဘက် လူမှု အဖွဲ့အစည်းများနှင့် လူသားချင်း စာနာမှု လုပ်ငန်းများ အပေါ် ဥပဒေရေး၊ ဘဏ္ဍာရေးနှင့် ဗျူရိုကရေစီ စီမံခန့်ခွဲရေး ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ ချမှတ်ခဲ့သောကြောင့် ၎င်းလုပ်ရပ်သည် အရပ်ဘက် ရပ်ဝန်းကို အလွန်အမင်း အားလျော့စေသလို အသက်ကယ်ဆယ်ရေး အထောက်အပံ့များ ပို့ဆောင်ပေးနိုင်မှုကိုလည်း အားနည်းစေပါသည်။ ဤသို့သော ကန့်သတ်မှုများကြောင့် ပဋိပက္ခဒဏ်သင့်ရာ ဒေသများ သာမက အထူးသဖြင့် ၎င်းတို့၏ အုပ်ချုပ်မှုကို ဆန့်ကျင်သော အတိုက်အခံများအား ဖိနှိပ်ချေမှုန်းရန် မြန်မာစစ်တပ်၏ တပ်လှုပ်ရှားမှု အများဆုံး ဖြစ်သည့် ဒေသများရှိ ပြည်သူများထံသို့ လူသားချင်း စာနာမှု အထောက်အပံ့များ မရောက်သည့် အခြေအနေများ ဖြစ်ပေါ်လာပါသည်။ စစ်ရေး လှုပ်ရှားမှုများကြောင့် လူသားချင်း စာနာမှု အကူအညီများကို မြန်မာနိုင်ငံ၏ ဒေသအများစု၌ ဖမ်းဆီးချုပ်နှောင်ခြင်း၊ ညှင်းပန်းနှိပ်စက်ခြင်း သို့မဟုတ် သေဆုံးခြင်း အထိ ကြီးလေးသော ပုဂ္ဂိုလ်ရေး အန္တရာယ်များဖြင့် စစ်တပ်၏ စည်းမျဉ်းစည်းကမ်းများကို ရှောင်ရှား၍သာ ကူညီပေးနိုင်ကြသည်။ စစ်တပ် ထိန်းချုပ်သော ဒေသများ၌ ထောက်ပံ့ကူညီမှုများကို ထိန်းချုပ်နိုင်ရန် ဥပဒေမူဘောင်နှင့် စီမံအုပ်ချုပ်ရေး စနစ်များအား လက်နက်သဖွယ် အသုံးချလျက် ကန့်သတ်ချုပ်ခြယ်သော အစီအမံများမှ တစ်ဆင့် အကူအညီ လိုအပ်သော လူထုအား သွားရောက်ကူညီခွင့်ကို ကန့်သတ်နေပါသည်။

### ၁။ မှတ်ပုံတင်စနစ်

၁၉။ ၂၀၂၂ ခုနှစ်၊ အောက်တိုလ အတွင်း [22] မြန်မာစစ်တပ်သည် ၂၀၁၄ ခုနှစ်က ပြဋ္ဌာန်းခဲ့သည့် အဖွဲ့အစည်းများ မှတ်ပုံတင်ခြင်း ဆိုင်ရာ ဥပဒေ (မှတ်ပုံတင်ခြင်း ဆိုင်ရာ ဥပဒေ)အား ပြင်ဆင်ရေးဆွဲခဲ့ကာ ၎င်းဥပဒေသစ်တွင် အရပ်ဘက် လူမှု အဖွဲ့အစည်းများနှင့် လူသားချင်း စာနာထောက်ထားမှု လုပ်ငန်းစဉ်များ အပေါ် ထပ်တိုး ကန့်သတ်ချက်များအား တရားဝင် ချမှတ်ပြဋ္ဌာန်းခဲ့သည်။ အကြမ်းဖက်မှုနှင့် ပဋိပက္ခ ဒဏ်ခံရသော ဒေသများတွင် ရည်ရွယ်ချက်ရှိရှိ ပစ်မှတ်ထားသည့် ကန့်သတ်ချက်များနှင့်အတူ ၎င်းအစီအမံများသည် အကူအညီ လိုအပ်နေသော လူထုသို့ ပေးပို့မည့် လူသားချင်း စာနာမှု အကူအညီများကို ထိန်းချုပ်ခြင်းနှင့် ကန့်သတ်ခြင်းပြုရာတွင် အဓိကကျပါသည်။

၂၀။ ၎င်းဥပဒေ ပြင်ဆင်ချက်များအရ အကျိုးအမြတ် မယူသော အဖွဲ့အစည်းများ အားလုံးကို မဖြစ်မနေ မှတ်ပုံတင်စေရန် ညွှန်ကြားထားပြီး လိုက်နာမှု မရှိပါက အချိန်ကြာရှည်ပြီး ခက်ခဲလှသည့် စီမံအုပ်ချုပ်ရေး ဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် ထောင်ဒဏ် ၆ နှစ် အထိ ကျခံနိုင်သည့် ရာဇဝတ်မှု ပြစ်ဒဏ်များကိုလည်း ချမှတ်နိုင်ပါသည်။ ထိုသို့ မှတ်ပုံတင်ခြင်း လျှောက်ထားရာတွင် အဖွဲ့အစည်းများသည် ဝန်ထမ်းများ၏ ပုဂ္ဂိုလ်ရေး အချက်အလက်များ၊ ရံပုံငွေကြေး ရင်းမြစ်များ၊ အဆိုပြုထားသော စီမံကိန်း အသေးစိတ် အချက်အလက်များနှင့် လုပ်ငန်းလည်ပတ်သည့် တည်နေရာများကိုလည်း ထုတ်ဖော်ပေးပို့ရပါမည်။ “တရားမဝင်” သို့မဟုတ် စစ်တပ်အား ဆန့်ကျင်သည်ဟု ထင်မြင်ယူဆသူများ အပါအဝင် အတိအကျ ဖွင့်ဆိုရန် ခက်ခဲသော အုပ်စုများနှင့် ထိတွေ့ဆက်ဆံမှု အမျိုးမျိုးအား တားဆီးပိတ်ပင်ခြင်း ကဲ့သို့ တိကျရေရာစွာ မဖော်ပြထားသည့် ဥပဒေ ပြဋ္ဌာန်းချက်များသည် ၎င်းတို့ အလိုကျ အသုံးချနိုင်ပါလိမ့်မည်။ ထို့ကြောင့် ဤမှတ်ပုံတင် စနစ်အားဖြင့် မြန်မာစစ်တပ်သည် အကျိုးအမြတ် မယူသော အဖွဲ့အစည်းများနှင့် ၎င်းတို့၏ လှုပ်ရှားမှုများ အပေါ် အလွန်အကျွံ စောင့်ကြည့်နိုင်ရန် အားဖြည့်ပံ့ပိုးပေးပါသည်။

၂၁။ အဖွဲ့အစည်း မှတ်ပုံတင်ခြင်း ဥပဒေ ပြဋ္ဌာန်းပြီးသည့် အချိန်မှစ၍ ၎င်းဥပဒေသည် အရပ်ဘက် လူမှု အဖွဲ့အစည်းများအား ချီတုံချတုံ ဖြစ်စေခဲ့ကာ ယင်းဥပဒေအား လိုက်နာပါက မြန်မာစစ်တပ်အား ထောက်ခံသည်ဟု ယူဆခံရမည်လောဟု မေးခွန်း ထုတ်စရာများ ရှိလာခဲ့ပါသည်။ မှတ်ပုံမတင်ထားသော

[22] https://bangkok.ohchr.org/ngo-law-myanmar/

အဖွဲ့အစည်းများနှင့် ထိတွေ့ဆက်ဆံခြင်း သို့မဟုတ် မိမိအဖွဲ့မှ တရားဝင် မှတ်ပုံတင် မရှိခြင်းသည် လူသားချင်း စာနာမှု လုပ်ငန်းစဉ်များ အပေါ် သိသာသော ဘေးအန္တရာယ်များ ကျရောက်လာနိုင်သလို အတားအဆီးလည်း ဖြစ်စေပါသည်။ ၎င်းပြဿနာများတွင် ဥပဒေ အကာအကွယ် မရှိဘဲ လုပ်ငန်းလည်ပတ်ရခြင်း၊ ရံပုံငွေ လက်ခံရရှိရန်နှင့် ဘဏ်အကောင့် ဖွင့်ရန် မဖြစ်နိုင်ခြင်း စသည်တို့ ပါဝင်ပါသည်။ အဖွဲ့အစည်း ဝန်ထမ်း တစ်ဦးချင်းစီသည်လည်း နှောင့်ယှက်မှု၊ ဖမ်းဆီးမှုနှင့် ဖိနှိပ်မှု အန္တရာယ်များအား ဆက်တိုက် ကြုံတွေ့နိုင်သည့် အန္တရာယ်များအား ရင်ဆိုင်ကြုံတွေ့နေရပါသည်။

၂၂။ အပြန်အလှန်အားဖြင့် အဖွဲ့အစည်း မှတ်ပုံတင်ခြင်း လုပ်ငန်းစဉ်တွင် လူသားချင်း စာနာမှုအရေး ဆောင်ရွက်နေသူများအား မြန်မာစစ်တပ်က စဉ်ဆက်မပြတ် စောင့်ကြည့်လေ့လာခြင်းနှင့် လူသားချင်း စာနာမှု အကူအညီ ပေးမှုအား နိုင်ငံရေးအရ အသုံးချခြင်းတို့ ပါဝင်နေပါသည်။ မြန်မာစစ်တပ် ချုပ်ကိုင်ထားသည့် ဝန်ကြီးဌာနများသည် မှတ်ပုံတင်ခြင်း သို့မဟုတ် သက်တမ်းတိုးခြင်း လုပ်ငန်းစဉ်များ၏ တစိတ်တပိုင်း အနေဖြင့် စီမံကိန်း ရံပုံငွေ၊ ရသုံးမှန်းခြေ ဘက်ဂျက်နှင့် အသုံးစရိတ် ဆိုင်ရာ သတင်း အချက်အလက်များအား တောင်းခံလေ့ရှိပုံကို ဆွေးနွေးသူ တစ်ဦးက မီးမောင်းထိုး ပြောကြားခဲ့သည်။ မှတ်ပုံတင်ခြင်း လုပ်ငန်းစဉ်၏ အစိတ်အပိုင်း အဖြစ် ချုပ်ဆိုရန် လိုအပ်သော နားလည်မှု စာချွန်လွှာ မူကြမ်းမှ အချို့ ပထဝီဝင်နယ်မြေများနှင့် လှုပ်ရှားမှုများကို ဖယ်ရှားပေးရန် တပ်မတော်မှ တောင်းဆိုခဲ့ကြောင်း အခြားသူများက မှတ်ချက်ပြုကြသည်။ ၎င်းအခြေအနေသည် လူသားချင်း စာနာမှု ဆိုင်ရာ အကူအညီများအား နိုင်ငံရေး အရ အသုံးချခြင်းနှင့် အမှန်တကယ် လိုအပ်နေသူများအား အကူအညီ မပေးဘဲ စစ်အုပ်ချုပ်ရေးကို ထောက်ခံသူများသို့သာ အထောက်အပံ့များ ပေးပို့သည့် အခြေအနေ ရှိနေပါသည်။ အင်တာဗျူး ဖြေဆိုသူ တစ်ဦးက လူသားချင်း စာနာမှု ဆိုင်ရာ အဖွဲ့အစည်းများ အပေါ် ချမှတ်ထားသည့် အကျပ်အတည်းများကို အလေးပေး ဖော်ပြထားပြီး “အဖွဲ့အစည်း မှတ်ပုံတင်ပြီးဆိုရင်လည်း စစ်တပ်က ခွင့်မပြုတဲ့ ကိစ္စရပ်တွေကို သင့်ဘက်က လုပ်လို့ မရတာကြောင့် သင့် အလုပ်ကို သင် မလုပ်နိုင်တော့ဘူး”ဟု ၎င်းက မှတ်ချက်ပြုထားပါသည်။

## ၂။ ဘဏ်လုပ်ငန်း၊ ငွေကြေး၊ သွင်းကုန်နှင့် ဝယ်ယူရေး

၂၃။ မှတ်ပုံတင်ခြင်း ဆိုင်ရာ ဥပဒေအား မပြဋ္ဌာန်းမီကပင် အာဏာသိမ်းပြီးနောက်တွင် မြန်မာစစ်တပ်သည် မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှတစ်ဆင့်[23] ဘဏ်များအား ငွေထုတ်ငွေသွင်း ပြုသူများ အပေါ် စိစစ်မှုများ ပိုမို တင်းကျပ်ရန် ညွှန်ကြားခဲ့သည်။ ဘဏ်၌ ငွေထုတ်ငွေသွင်း ပြုသူများအပေါ် စောင့်ကြည့်စစ်ဆေးခြင်း ဟူသည့် အသွင် သဏ္ဌာန်အောက်တွင် ဘဏ်များသည် စာရွက်စာတမ်း စုံလင်ရန် အတွက်ဟု ဆိုကာ အဖွဲ့အစည်း တရားဝင် မှတ်ပုံတင် စာရွက်စာတမ်းများအား အဓိက တင်သွင်းရန် တောင်းဆိုလေ့ရှိလာပါသည်။ သို့သော်လည်း အဖွဲ့အစည်း အများအပြား၏ မှတ်ပုံတင်များမှာ ယခုအခါ သက်တမ်း ကုန်ဆုံးပြီဖြစ်ပြီး ယခင် မှတ်ပုံတင် ခွင့်ပြုသည့် စနစ်ကိုလည်း ဆိုင်းငံ့ထားသဖြင့် ရံပုံငွေ လက်ခံလွှဲပြောင်းရေး နှောင့်နှေးခြင်းနှင့် ရံပုံငွေ လွှဲပြောင်းလက်ခံခွင့် မပြုခြင်း ကဲ့သို့သော ဘဏ်လုပ်ငန်း ဆိုင်ရာ စိန်ခေါ်မှု အခက်အခဲများသို့ ဦးတည်နေပါသည်။ မြန်မာနိုင်ငံတော် ဗဟိုဘဏ်သည် ဒေါ်လာ ၁၀,၀၀၀ အထက် ငွေလွှဲခြင်းနှင့် ဆက်စပ်၍ သီးခြား ခွင့်ပြုချက်များ ယူရသည့် လုပ်ငန်းစဉ် တစ်ရပ်အား ချမှတ်ခဲ့ကာ ၎င်းလုပ်ငန်းစဉ် ကြာချိန်နှင့် ပတ်သက်၍လည်း အတိအကျ မသတ်မှတ်ထားသောကြောင့် လူသားချင်း စာနာမှု ဆိုင်ရာ လုပ်ငန်းစဉ်များနှင့် ပရိုဂရမ်များ အပေါ် သိသိသာသာ သက်ရောက်မှု ရှိစေပါသည်။

၂၄။ သမားရိုးကျ ဘဏ်လုပ်ငန်း ကဏ္ဍ အပေါ် ကန့်သတ်ချက်များ အပြင် မိုဘိုင်းမှ ငွေကြေးစနစ်ဖြင့် ငွေထုတ်ငွေသွင်းပြုရာ၌လည်း နိုင်ငံရေး စိစစ်မှု ကဒ်ပြားဖြင့် သက်သေပြခြင်း အပါအဝင် ဘဏ်၌ ငွေထုတ်ငွေသွင်းပြုသူများ၏ အမှတ်သင်္ကေတများအား စိစစ်နိုင်ရေး အတွက် ဘဏ်များနှင့် တူညီမှု ရှိသော စောင့်ကြည့်စစ်ဆေးရေး ဆိုင်ရာ[24] စည်းမျဉ်းစည်းကမ်းများအား လိုက်နာရန် မြန်မာနိုင်ငံတော် ဗဟိုဘဏ်က မိုဘိုင်း ဘဏ္ဍာရေး ဝန်ဆောင်မှု ပေးသူများအား ညွှန်ကြားထားပါသည်။ နိုင်ငံသားဖြစ်ခွင့်အား

[23] ၂၀၂၂ ခုနှစ်၊ ဇွန်လတွင် တာဝန်ကျ ဒုဗိုလ်မှူးကြီး ခြောက်ဦးအား ညွှန်ကြားရေးမှူးနှင့် ဒုတိယညွှန်ကြားရေးမှူး ရာထူးများအား ဗဟိုဘဏ် အတွင်း ခန့်အပ်ခဲ့ကြောင်း သိရသည်။ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလတွင် ဗိုလ်ချုပ် ဇော်မြင့်နိုင်သည် ကာကွယ်ရေး ဝန်ကြီးဌာန ငွေစာရင်း ဌာနမှ အငြိမ်းစားယူခဲ့ပြီး ဘဏ်၏ ဒု-အုပ်ချုပ်ရေးမှူး သုံးဦးထဲမှ တစ်ဦးကို ခန့်အပ်ခဲ့သည်။

[24] ဗဟိုဘဏ် အမိန့်ကြော်ငြာစာ အမှတ် - မဗဘ/နပတ(စာရင်း)(၇၂၄)၊ ၁၅ ဩဂုတ်လ ၂၀၂၂ ခုနှစ်

ငြင်းပယ်ခံရခြင်းနှင့် အရပ်ဘက် ဆိုင်ရာ စာရွက်စာတမ်းများ မရှိခြင်းတို့သည် လူနည်းစု အုပ်စုများ အထူးသဖြင့် ရိုဟင်ဂျာများ အပေါ် အချိုးမညီမျှစွာ သက်ရောက်မှု ရှိသောကြောင့် ၎င်းအစီအမံများသည် ဖော်ပြပါ အသိုက်အဝန်းများ သာမက ရံပုံငွေ ရရှိရန် ပုဂ္ဂိုလ်ရေး အချက်အလက်များ မျှဝေရသောကြောင့် စိတ်ပူပန်ကြသူများ အပေါ်လည်း သက်ရောက်မှု ရှိပါလိမ့်မည်။ ငွေသား ပေးဝေမှု ပရိုဂရမ်များနှင့် စပ်လျဉ်း၍ ဒေတာ အချက်အလက် ကာကွယ်ရေးနှင့် လုံခြုံရေး ကိစ္စရပ်များ အပေါ် သိသာထင်ရှားသော စိုးရိမ်ပူပန်မှုများလည်း ရှိသည်ဖြစ်ရာ မိုဘိုင်းလ် ဘဏ္ဍာရေး ဝန်ဆောင်မှု ပေးသူများ အပေါ် မြန်မာစစ်တပ်က မိုဘိုင်း ဘဏ္ဍာရေး ဝန်ဆောင်မှု ပေးသူများ အပေါ် ကြီးကြပ်စောင့်ကြည့်မှုသည် အကူအညီ လိုအပ်သော လူထုကို ကန့်သတ်မှု ပုံစံ တစ်မျိုး အဖြစ် သတ်မှတ်နိုင်ပါသည်။

၂၅။ အာဏာသိမ်းပြီးနောက်ပိုင်းတွင် အဖွဲ့အစည်းများ၏ မှတ်ပုံတင်နှင့် သွင်းကုန် လိုင်စင် ခွင့်ပြုမိန့်များမှာ တဖြည်းဖြည်း သက်တမ်း ကုန်ဆုံးလာသည် ဖြစ်ရာ လူသားချင်း စာနာမှု အဖွဲ့အစည်းများသည် ဆေးဝါး ပစ္စည်းနှင့် စားနပ်ရိက္ခာ ကဲ့သို့ မရှိမဖြစ် လိုအပ်သော ပစ္စည်းများအား မြန်မာနိုင်ငံအတွင်း တင်သွင်းရာတွင် အခက်အခဲ အတားအဆီးများ ပိုမို ကြုံတွေ့လာရပါသည်။ ပြဋ္ဌာန်းလိုက်သည့် စနစ်သစ်အောက်၌ အဖွဲ့အစည်း မှတ်ပုံတင်ခြင်းသည် လက်ရှိအချိန်တွင် သွင်းကုန်လိုင်စင် ရရှိရန် ကြိုတင် လိုအပ်ချက်တစ်ခု ဖြစ်လာပါသည်။ သွင်းကုန် လိုင်စင်တစ်ခု ရရှိရန် မှတ်ပုံတင်ခြင်း ဥပဒေတွင် ဖော်ပြထားသော တရားဝင် မှတ်ပုံတင်ရန် လိုအပ်ကြောင်း၊ ယင်းမှာ စစ်တပ်မှ ခွင့်ပြုသည့် နားလည်မှု စာချွန်လွှာ အပေါ် မူတည်ကြောင်း ဆွေးနွေးသူများက ရှင်းပြသည်။ နည်းဥပဒေများ သို့မဟုတ် လုပ်ထုံးလုပ်နည်းများ မရှိခြင်းနှင့် ပေါင်းစပ်၍ မှတ်ပုံတင်စနစ်အား အကောင်အထည်ဖော်ရာတွင် ရှင်းလင်းပြတ်သားမှု မရှိခြင်းကြောင့် မည်သည့် အဖွဲ့အစည်းက သွင်းကုန် လိုင်စင်များ ရရှိခြင်း ရှိမရှိကို ရှင်းရှင်းလင်းလင်း မသိရပေ။ နိုင်ငံတွင်းသို့ ကုန်ပစ္စည်းများ တင်သွင်းနိုင်သည့် ရှားပါးဖြစ်စဉ်များတွင် အကောက်ခွန် အာဏာပိုင်များ အပါအဝင် ဆိပ်ကမ်းများ၌ တခါတရံ လပေါင်းများစွာ ကြာသည် အထိ ကာလကြာရှည် ထိန်းသိမ်းထားရကာ ပုပ်သိုးပျက်စီးနိုင်သော ကုန်ပစ္စည်းများမှာ အချိန်လွန် ပျက်စီးသွားစေမှု အထိ ဦးတည်သွားကြောင်း ဆွေးနွေးသူများက ဆိုပါသည်။

၂၆။ နိုင်ငံတကာမှ ဝယ်ယူရေး အမှာစာများမှတစ်ဆင့် ကုန်ပစ္စည်း တင်သွင်းရာတွင် အတားအဆီးများ ရှိခြင်းကြောင့် အချို့ အဖွဲ့အစည်းများသည် နိုင်ငံတွင်း ထောက်ပံ့ရေး ပစ္စည်းများ အပေါ်သာ အမှီသဟဲ ပြုနေရကြောင်း အင်တာဗျူး ဖြေသူများက ဖော်ပြခဲ့ပါသည်။ နိုင်ငံတွင်း ဒေသအလိုက် ကုန်ပစ္စည်းများ ဝယ်ယူရာတွင် စိန်ခေါ်မှု အမျိုးမျိုးရှိကြောင်း အင်တာဗျူး ဖြေဆိုသူများက ပြောပြခဲ့သည်။ စားနပ်ရိက္ခာနှင့် အမိုးအကာ အိမ်ဆောက် ပစ္စည်းများ ဝယ်ယူရန် မြန်မာစစ်တပ်၏ ခွင့်ပြုချက် လိုအပ်ကြောင်း ဆွေးနွေးသူ တစ်ဦးက ဖော်ပြခဲ့ပါသည်။ ကုန်ပစ္စည်း ပေးသွင်းသူများက ကုန်ပစ္စည်းများအား မထုတ်ဘဲ အရေအတွက်များများ သိုလှောင်ခြင်းကြောင့် နှင့်/သို့မဟုတ် ဝယ်ယူနိုင်မည့် ပမာဏ အပေါ်တွင် ကန့်သတ်ချက်များ ထားရှိခြင်းကြောင့် အချို့သူများသည် လိုအပ်သော ပမာဏ အတိုင်း ဆေးဝါးနှင့် အခြား ကုန်ပစ္စည်းများကို မဝယ်ယူနိုင်ကြပေ။ အခြား ဆွေးနွေးသူ တစ်ဦး၏ အဆိုအရ အစားအသောက် တင်သွင်းရောင်းချသူများသည် ရောင်းချရေးနှင့် ဝယ်ယူမှု ဆိုင်ရာ အသေးစိတ် အချက်အလက်များကို မြန်မာစစ်တပ်ထံသို့ အစီရင်ခံရန် တောင်းဆိုသည့် ခွင့်ပြုမိန့်စနစ် တစ်ခု ရှိကြောင်း ဖော်ပြကြသည်။ အဖွဲ့အစည်း တစ်ခုသည် ၎င်းတို့ လုပ်ငန်းလည်ပတ်မည့် နေရာ ဒေသကြောင့် ဆေးဝါး ပစ္စည်းများ ဝယ်ယူခွင့် ငြင်းပယ်ခံရကြောင်းကိုလည်း OHCHR က အချက်အလက် ရရှိခဲ့ပါသည်။

## ၃။ လွတ်လပ်စွာ သွားလာခွင့် - ခရီးသွားခွင့်ပြုမိန့်များနှင့် စစ်ဆေးရေး ဂိတ်များ

၂၇။ လွတ်လပ်စွာ သွားလာခွင့် အပေါ် ကန့်သတ်ချုပ်ခြယ်ခြင်းသည် ယခင် အရပ်သား တစ်ပိုင်း အစိုးရ လက်ထက် သာမက မြန်မာနိုင်ငံ အတွင်း အစိုးရအဆက်ဆက် ကာလကြာရှည် ဖိနှိပ်မှုများနှင့် စဉ်ဆက်မပြတ် လူ့အခွင့်အရေး ဆိုင်ရာ စိုးရိမ်ဖွယ်ရာ ကိစ္စရပ်များကို ကိုယ်စားပြုနေပါသည်။ အာဏာသိမ်းပြီးနောက် မြန်မာ စစ်တပ်က ဆန့်ကျင်လှုပ်ရှားမှုများကို ထိန်းချုပ်ရန် ကြိုးပမ်းနေစဉ်တွင် အခြေအနေများ သိသိသာသာ ဆိုးရွားလာခဲ့သည်။ ဗီဇာ ရရှိရန် နှောင့်နှေးစေခြင်းနှင့် ဗီဇာ မရစေသည့် နည်းတို့သည် မြန်မာ နိုင်ငံအတွင်းသို့ ဝင်ရောက်လာသူများ၏ အချိန်၊ နေရာနှင့် လုပ်ငန်းဆောင်တာများကို ဆုံးဖြတ်ရန် စစ်တပ်အတွက် ကိရိယာတစ်ခု ဖြစ်လာခဲ့သည်။ နိုင်ငံအတွင်းသို့ ဝင်ရောက်လာသည်နှင့် နိုင်ငံတကာမှ ဝန်ထမ်းများ၏ သွားလာရေးနှင့် လူသားချင်း စာနာမှု အကူအညီ သွားရောက်ပေးနိုင်ရေးတို့နှင့်

ဆက်စပ်၍ ခရီးသွား ခွင့်ပြုမိန့် ရယူရန် လိုအပ်လာသည်။ ဗီဇာနှင့် ခရီးသွားခွင့်ပြုမိန့် နှစ်ခုစလုံး ရရှိရန် အတွက် လျှောက်ထားသည့် အဖွဲ့အစည်းမှာ တရားဝင် မှတ်ပုံတင် ရှိဖို့ လိုအပ်ပါသည်။ ယင်းသည် မြန်မာစစ်တပ် ထိန်းချုပ်မှု အောက်တွင် မရှိသည့် ဒေသများ အပေါ် အဓိက သက်ရောက်မှု ရှိပြီး စစ်တပ်သည် ၎င်းတို့ ထိန်းချုပ်မှု အောက်တွင် မရှိသော ဒေသများသို့ ဝင်ရောက်သွားလာခွင့် အပေါ် တင်းကျပ်စွာ စီမံကိုင်တွယ်လေ့ရှိကာ ဆွေးနွေးသူများ၏ အဆိုအရ အာဏာရှင် အစိုးရ အဖွဲ့ဝင်များသည် ထိုဒေသများ၌ အခြေခံ လူ့အခွင့်အရေး ချိုးဖောက်မှု အမျိုးမျိုး ကျူးလွန်ကြောင်း ပြောကြားခဲ့ပါသည်။

၂၈။ အာဏာသိမ်းမှု မတိုင်မီ ယခင်က ခရီးသွား ခွင့်ပြုမိန့် စနစ်တွင် ပြည်တွင်း ဒေသခံ အဖွဲ့အစည်းများနှင့် နိုင်ငံသား ဝန်ထမ်းများက ခွင့်ပြုမိန့် လျှောက်ရန် မလိုအပ်ခဲ့သော်လည်း လက်ရှိ ခွင့်ပြုမိန့် စနစ်အောက်တွင် မြန်မာစစ်တပ်က ခရီးသွားလာမှု ကန့်သတ်ထားသည့် နယ်မြေများ အတွင်း လုပ်ငန်း ဆောင်ရွက်ရန် စီစဉ်နေသည့် ဒေသခံ အဖွဲ့အစည်းနှင့် နိုင်ငံတကာ အဖွဲ့အစည်းများသည် သင့်လျော်သော အုပ်ချုပ်ရေးနှင့် စစ်ဘက် ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်ရမည် ဖြစ်သည်။ ၂၀၂၃ ခုနှစ်၊ မတ်လ၊ ၁၇ ရက်နေ့တွင် အမျိုးသား ညီညွတ်ရေး အစိုးရသည် ပြည်တွင်းပြည်ပ အဖွဲ့အစည်းအားလုံးကို ၎င်းတို့ ထိန်းချုပ်ရာ ဒေသအတွင်း ဖြတ်သန်းသွားလာခြင်း မပြုမီ ကြိုတင်၍ ခရီးသွားခွင့်ပြုချက် ရယူရန်လည်း တောင်းဆိုခဲ့သည်။ [25] မြေပြင်အဆင့်နှင့် ရပ်ရွာ အခြေပြု အဖွဲ့အစည်းများသည် စစ်တပ် ဆန့်ကျင်ရေး လက်နက်ကိုင် အဖွဲ့အစည်းများ၏ ထိန်းချုပ်နယ်မြေများ အတွင်းသို့ ဝင်ရောက်သွားလာသည့် အခါတွင် ၎င်းတို့နှင့် ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်ကြောင်း ဖော်ပြကြသည်။

၂၉။ စစ်ဆေးရေး ဂိတ်များသည် လူများနှင့် ကုန်စည်များ လွတ်လပ်စွာ သွားလာခွင့်အတွက် အဓိက အဟန့်အတား ဖြစ်ကြောင်း ဆွေးနွေးသူများက အတည်ပြု ပြောကြားခဲ့ပြီး မတူညီသော လက်နက်ကိုင် အုပ်စုများသည် ၎င်းစစ်ဆေးရေး ဂိတ်များအား နယ်မြေ ထိန်းချုပ်ရန်နှင့် အရပ်သားလူထု အပေါ် ထိန်းချုပ်မှု အခွင့်အာဏာ ပြရန် နည်းလမ်းများ အဖြစ် အသုံးပြုကြသည်။ မြန်မာစစ်တပ်၏ စစ်ဆေးရေးဂိတ်များသည် ၎င်းတို့ ထိန်းချုပ်မှုအောက်ရှိ ပြည်နယ်/ တိုင်းဒေသကြီး မြို့တော်များ၏ ဝင်ပေါက်နှင့် ထွက်ပေါက် နေရာများတွင် စနစ်တကျ ချထားကြောင်း၊ ၎င်းမြို့တော်များသည် ထိုတိုင်းဒေသကြီး/ ပြည်နယ် အတွက် စီးပွားရေး အချက်အချာ ကျရာ နေရာများ ဖြစ်ကြောင်း ဆွေးနွေးသူများက မှတ်ချက်ပြုကြသည်။ စစ်တပ် စစ်ဆေးရေးဂိတ်များကို မြန်မာစစ် စခန်းများနှင့် အခြေစိုက် စခန်းများ အနီးတွင် လည်းကောင်း၊ စစ်တပ် ဆန့်ကျင်ရေး လက်နက်ကိုင် အဖွဲ့အစည်းများ ထိန်းချုပ်ထားသော နေရာများသို့ ဝင်ရောက်သည့် လမ်းများ တစ်လျှောက်တွင်လည်း နေရာချထားကြသည်။ တစ်ခါတစ်ရံ၌ လုံခြုံရေး ဖြစ်စဉ်များ ဖြစ်ပွားပြီးနောက်တွင် ရှောင်တခင် စစ်ဆေးရေးဂိတ်များကိုလည်း ချထားကြသည်။ စစ်ဆေးရေးဂိတ်ကို ဖြတ်သန်းရာတွင် ခရီးသွားခွင့်ပြုမိန့်၊ ထောက်ခံစာများနှင့် လုံခြုံရေး တပ်ဖွဲ့များထံ ပြသမည့် အထောက်အထားများ ကဲ့သို့ စာရွက်စာတမ်းများအား အများအားဖြင့် ပြသရလေ့ရှိသည်။ စစ်ဆေးရေး ဂိတ်များတွင် ဖုန်းများကို စစ်ဆေးခြင်းနှင့် သိမ်းဆည်းခြင်းများ ရှိကြောင်း အစဉ်တစိုက် အစီရင်ခံ တင်ပြခဲ့ကြသည်။

၃၀။ စစ်ဆေးရေးဂိတ်များသည် လာဘ်ပေးလာဘ်ယူမှု၊ ကုန်ပစ္စည်းများ သိမ်းဆည်းမှု နှင့်/သို့မဟုတ် ဖမ်းဆီးမှုများ ဖြစ်ပွားသည့် နေရာ ဖြစ်ပါသည်။ ကုလသမဂ္ဂ အဖွဲ့အစည်းများသည် ယေဘူယျအားဖြင့် ထိခိုက်မှု နည်းပုံပေါ်သော်လည်း အခြားသော လူသားချင်း စာနာမှု အကူအညီများ ပေးအပ်သည့် အဖွဲ့အစည်းများ သို့မဟုတ် ကုန်ပစ္စည်း သယ်ယူပို့ဆောင်သူများမှာ နှောင့်ယှက်ခြင်း၊ ခြိမ်းခြောက်ခြင်းနှင့် ငွေညှစ်ခြင်းတို့ကို ကြုံတွေ့ကြရသည်။ သွားလာသူများသည် လိုအပ်သော စာရွက်စာတမ်းများ ပါရှိသော်လည်း လုံခြုံရေး အရာရှိများသည် စနစ်တကျ အလွတ်သဘော ငွေကြေးတောင်းခံမှုများ ရှိပါသည်။ စစ်ဆေးရေး ဂိတ်၌ ငွေကြေး တောင်းခံသည့် ပမာဏမှာ တောင်းခံသည့် နေရာတွင် မူတည်ပြီး ၎င်းတွင် ဖြတ်သွားလိုသူ၏ အမှတ်သင်္ကေတ၊ စစ်ဆေးရေးဂိတ်ရှိ တာဝန်ကျ အရာရှိ အဆင့်နှင့် သယ်ယူပို့ဆောင် လိုသည့် ကုန်ပစ္စည်း အမျိုးအစား အပေါ်တွင် မူတည်၍ ငွေကြေးတောင်းခံခြင်း ဖြစ်ပါသည်။ အကူအညီပေးသည့် အဖွဲ့အစည်းများ အနေဖြင့် စစ်ဆေးရေး ဂိတ်၌ အလွတ်သဘော ငွေကြေး တောင်းခံမှုများကို မြန်မာနိုင်ငံသား ဝန်ထမ်းများက စိုက်ပေးရခြင်း သို့မဟုတ် သယ်ယူပို့ဆောင်သည့် ကြားခံပုဂ္ဂိုလ်များအား အသုံးပြုရင်း ၎င်းတို့၏ ထောက်ပံ့ရေး ကွင်းဆက် ကုန်ကျစရိတ်အတွင်း ထည့်ပေးရခြင်း သို့မဟုတ် သယ်ယူပို့ဆောင်သူဘက်မှ ပေးခြင်းများ ရှိပြီး

[25] https://www.burmalibrary.org/sites/burmalibrary.org/files/obl/2023-03-17-NUG-MOHAI_Statemennt-8-pio-en.pdf

ထိုသို့ ငွေပေးရမှုများအား စည်းကမ်းလိုက်နာမှု ဆိုင်ရာ အရေးကိစ္စများကြောင့် တရားဝင် အစီရင်ခံ တိုင်ကြား၍ မရပါ။

၃၁။ ကူညီကယ်ဆယ်ရေး ဝန်ထမ်းများသည် စစ်ဆေးရေး ဂိတ်များအား ဖြတ်သွားသည့် အခါတွင် အထောက်အပံ့ ပေးသည့် ပစ္စည်းများမှ အချို့ ကုန်ပစ္စည်းများကို အလွတ်သဘော အခွန်ကောက်ခံ၍ ပေးရကြောင်း ဆွေးနွေးသူများက ဆိုပါသည်။ ထိုသို့ ပစ္စည်းများအား အခွန် ကောက်ခံမှုမှာ မြန်မာ စစ်တပ် စစ်ဆေးရေး ဂိတ်များ သာမက စစ်တပ် ဆန့်ကျင်ရေး လက်နက်ကိုင် အဖွဲ့အစည်းများက နေရာယူထားသည့် စစ်ဆေးရေး ဂိတ်များတွင်လည်း ရှိနေပါသည်။ သယ်ယူပို့ဆောင်သည့် လမ်းကြောင်းများ တစ်လျှောက်တွင် စစ်ဆေးရေး ဂိတ်များစွာ တည်ရှိသဖြင့် ကုန်ပစ္စည်းများ အပေါ် (ငွေကြေး သို့မဟုတ် အခြား ပုံစံများဖြင့်) အခွန် ကောက်ခံမှုကြောင့် ကုန်ပစ္စည်းများ ဈေးတက်ခြင်း၊ ငွေကြေး ဖောင်းကြွမှု မြင့်မားခြင်း သို့မဟုတ် ကျေးလက် ဒေသတွင် အရေးကြီးသော ကုန်ပစ္စည်းများ ပြတ်လပ်ခြင်းတို့ ဖြစ်ပေါ်စေပါသည်။

၃၂။ အချို့ ကုန်ပစ္စည်းများမှာ သယ်ယူပို့ဆောင်ရန် အရေးအတွက် ကန့်သတ်ခံရခြင်း သို့မဟုတ် လုံးဝ တားမြစ်ခံရခြင်း ရှိပြီး တစ်ခါတစ်ရံတွင် ၎င်းကုန်ပစ္စည်းများအား သိမ်းယူသည့် အခြေအနေအထိ ရှိကာ ၎င်းတို့ကို စစ်တပ် စစ်ဆေးရေး ဂိတ်များတွင် တင်းကြပ်ဆောင်ရွက်လေ့ရှိပါသည်။ နေရာ ဒေသအပေါ် မူတည်၍ မော်တော်ယာဉ်များသည် ဆန်အိတ် နှစ်အိတ်မှ ငါးအိတ်အထိ သယ်ယူခွင့် ပြုထားပြီး မော်တော် ဆိုင်ကယ်ဖြင့် ဆိုလျှင် ဆန်အိတ် တစ်ဝက်အထိ သယ်ယူခွင့် ပြုထားကြောင်း အင်တာဗျူး ဖြေဆိုသူများက တင်ပြကြသည်။ မြန်မာစစ်တပ်က ဆေးဘက်ဆိုင်ရာနှင့် ထောက်ပံ့ရေး ပစ္စည်းများကို ထိလွယ်ရှလွယ် ပစ္စည်းများ အဖြစ် ယူဆကြပြီး ၎င်းပစ္စည်းများကို စစ်ဆေးရေး ဂိတ်များတွင် စနစ်တကျ သိမ်းယူလေ့ရှိကြောင်း ဆွေးနွေးသူများက ဆိုပါသည်။ အဆိုပါ ကုန်ပစ္စည်းများအား သယ်ယူပို့ဆောင်သူများမှာ လုံခြုံရေး တပ်ဖွဲ့ဝင်များ၏ ဖမ်းဆီး စစ်ဆေးမှုများကို မကြာခဏ ကြုံရလေ့ရှိသည်။ ဖြစ်ရပ်တစ်ခုတွင် လူတစ်ဦးသည် ဆေးဝါးပစ္စည်းများ သယ်ဆောင်လာစဉ်တွင် တားဆီးခံရကာ အကျိုးခံစားခွင့်ရှိသူအား မေးမြန်းရန် သူ့ကို ကာလကြာရှည် စုံစမ်းစစ်ဆေးခြင်းကို ရင်ဆိုင်ခဲ့ရသည်။ မြန်မာ စစ်တပ်အား ငွေပမာဏ တစ်ခု ပေးပြီးနောက် ထိုသူ ပြန်လည် လွတ်မြောက်လာခဲ့သော်လည်း လုံခြုံရေးအရာရှိများသည် ဆေးဝါးများကို သိမ်းဆည်းခဲ့သည်။

## ၄။ လူသားချင်း စာနာမှု လုပ်ငန်းဆောင်ရွက်သူများ၏ ဘေးကင်းရေးနှင့် လုံခြုံရေး

၃၃။ အာဏာသိမ်းမှု၏ အဓိက အကျိုးဆက်မှာ လူသားချင်း စာနာမှု ဆိုင်ရာ ဝန်ထမ်းများနှင့် အကူအညီ ပေးသူများသည် ဖမ်းဆီးခြင်း၊ နှောင့်ယှက်ခြင်း သို့မဟုတ် သေဆုံးခြင်း အထိ အခြား ညှင်းပန်းနှိပ်စက်ခြင်း စသည့် အန္တရာယ်များကို သိသိသာသာ ရင်ဆိုင်လာရသည်။ အာဏာသိမ်းပြီးနောက်တွင် လူသားချင်း စာနာမှု အကူအညီ ပေးသည့် အဖွဲ့အစည်းများကို တိုက်ခိုက်သည့် ဒေတာ အချက်အလက်များကို ကျယ်ကျယ်ပြန့်ပြန့် စနစ်တကျ စုဆောင်းခြင်း မရှိသော်လည်း ယုံကြည်ရလောက်သော သတင်းရင်းမြစ်များ အရ လူသားချင်း စာနာထောက်ထားမှု အကူအညီ ပေးသူ ၁၃ ဦးမှ ၄၀ ဦး အထိ သေဆုံးမှု ရှိပြီး ၁၇ ဦးမှ ၂၈ ဦး အထိ ထိခိုက်ဒဏ်ရာရကြောင်း ဖော်ပြခဲ့ပါသည်။[26] လူသားချင်း စာနာမှု လုပ်ငန်းဆောင်ရွက်သူ ၄၃ ဦးမှ ၂၁၂ ဦး အထိ ဖမ်းဆီးခံရကြောင်း ဖော်ပြခဲ့သည်။ ၎င်းကိန်းဂဏာန်းများသည် လက်တွေ့တွင် အမှန်တကယ် ဖြစ်ပျက်သည့် အခြေအနေမှ ပမာဏ အနည်းငယ်မျှသာ ပြသနိုင်မည် ဖြစ်သည်။ သတင်းအချက်အလက်များအား ခွဲခြမ်းစိတ်ဖြာရာတွင် ကန့်သတ်ချက်များ ရှိသော်လည်း ပြည်တွင်း အဖွဲ့အစည်းများသည် ဘေးအန္တရာယ် အားလုံးကို တွေ့ကြုံနိုင်ချေ အများဆုံး ဖြစ်ကြောင်း၊ အတိဒုက္ခရောက်သူများ ရှောင်တိမ်းနေရမှု အပေါ် ကူညီဖေးမပေးချိန်၌ ၎င်းတို့သည် ပုဂ္ဂိုလ်ရေး အန္တရာယ်များအား ရင်ဆိုင်နေရကြောင်း သက်သေပြနေပါသည်။ “တခြားလူတွေနဲ့ ကျွန်တော်တို့က သက်ကြီးရွယ်အိုတွေကို ဘုန်းကြီးကျောင်းမှာ သွားပို့ပေးနေချိန်မှာ လမ်းတစ်လျှောက် လက်နက်ကြီး[အမြောက်ဆံ]တွေ ကျရောက်ပေါက်ကွဲခဲ့တယ်၊”ဟု အင်တာဗျူး ဖြေကြားသူက ဖော်ပြခဲ့ပါသည်။

၃၄။ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလမှစ၍ မှတ်တမ်းတင်ခဲ့သော အဖြစ်အပျက်များ အရ မြန်မာစစ်တပ်သည် လူသားချင်း စာနာမှု အကူအညီပေးသူများအား အထူး ကာကွယ်စောင့်ရှောက်မှု ရရှိသင့်သူများဟု မမှတ်ယူဘဲ ၎င်းတို့၏ အုပ်ချုပ်မှုကို ဆန့်ကျင်သော လူထု၏ အစိတ်အပိုင်း အဖြစ် ရှုမြင်နေကြောင်း စဉ်ဆက်မပြတ်

[26] https://data.humdata.org/dataset/myanmar-attacks-on-aid-operations-education-health-and-protection; https://aidworkersecurity.org/incidents/search?detail=1&country=MM&sort=desc&order=Year

ပြသနေပါသည်။ အင်တာဗျူးဖြေဆိုသူတစ်ဦးက ၎င်းတို့သည် “လူသားချင်း စာနာမှုဆိုင်ရာ အခြေခံမူများအားလုံးကို လုံးဝ ဂရုမစိုက်ကြဘူး။ လူသားချင်း စာနာမှု အရေး ဆောင်ရွက်သူတွေ အတွက် ဥပဒေ အရ အကာအကွယ်မရှိပါ။”ဟု ပြောခဲ့ပါသည်။ အာဏာသိမ်းမှု အစောပိုင်းကာလများတွင် မြန်မာစစ်တပ်သည် ဆေးဘက်ဆိုင်ရာ ဝန်ထမ်းများကို ပစ်မှတ်ထား ဖမ်းဆီးခဲ့ပြီး ဆန္ဒပြပွဲများတွင် လူနာတင်ယာဉ်များကို အကြိမ်ကြိမ် ပစ်ခတ်ခဲ့သည်။ မြန်မာစစ်တပ် စစ်ဆေးရေး ဂိတ်များအား ဖြတ်သန်းသည့် အခါ ဆေးဘက်ဆိုင်ရာ ဝန်ထမ်းကတ်ပြား တစ်ခု ရှိနေလျှင်ပင် ထိုသူသည် ဖမ်းဆီးခံရနိုင်သည့် အန္တရာယ်ရှိကြောင်း အင်တာဗျူး ဖြေဆိုသူ တစ်ဦးက ဆိုခဲ့သည်။ မကြာသေးမီ လများအတွင်း လူနာတင်ယာဉ်များကို တိုက်ခိုက်ခြင်း၊ ကျန်းမာရေး ဝန်ထမ်းများအား ဖမ်းဆီးထိန်းသိမ်းခြင်းနှင့် ဆေးဘက် ဆိုင်ရာ အဆောက်အအုံများနှင့် အခြား အကာအကွယ်ပေးထားသည့် နေရာများအား တိုက်ခိုက်ခြင်းမျိုး ဆက်တိုက် ဖြစ်ပွားခဲ့သည်။

၃၅။ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလတွင် ကယားပြည်နယ်တွင် ဆယ်စုနှစ် နှစ်ခုကျော် လည်ပတ်ခဲ့သည့် ဆေးခန်းတစ်ခုအား မြန်မာစစ်တပ်က ဝင်ရောက်စီးနင်းခဲ့ပြီး ဆရာဝန် လေးဦး၊ သူနာပြု ၁၃ ဦးနှင့် စေတနာ့ ဝန်ထမ်းတစ်ဦးတို့ကို ဖမ်းဆီးခဲ့ကာ ဆေးဝါးနှင့် စားသောက်ကုန်များကိုလည်း သိမ်းဆည်းခဲ့ကြောင်း သိရသည်။ ၂၀၂၃ ခုနှစ်၊ ဧပြီလ ၁၁ ရက်နေ့တွင် စစ်ကိုင်းတိုင်း ဒေသကြီး ပဇီကြီး ကျေးရွာ၌ မြန်မာစစ်တပ်မှ တိုက်ခိုက်ရေး လေယာဉ် တစ်စင်းသည် ရပ်ရွာ အဆောက်အအုံ ဖွင့်ပွဲ အခမ်းအနား တစ်ခု၌ အမျိုးသမီးနှင့် ကလေးငယ်များ အပါအဝင် တက်ရောက်လာသူများကို ဗုံးကြဲတိုက်ခိုက်ခဲ့သည်။ ထိုသို့ တိုက်လေယာဉ်ဖြင့် ဗုံးကြဲပြီး မိနစ်ပိုင်း အကြာတွင် ရဟတ်ယာဉ် တစ်စီး ရောက်ရှိလာပြီး ဒဏ်ရာရသူများအား ကူညီကယ်ဆယ်ပေးနေသူများကို ပစ်ခတ်တိုက်ခိုက်ခဲ့သည်။ ထိုနေ့ နှောင်းပိုင်းတွင် နောက်ထပ် စစ်လေယာဉ် တစ်စင်း ရောက်လာပြီး ကွယ်လွန်သူ အလောင်းများနှင့် ကိုယ်ခန္ဓာ အကြွင်းအကျန် ကောက်နေသူများအား ပစ်ခတ်ခဲ့ပြန်သည်။ ယင်းတိုက်ခိုက်မှုကြောင့် အနည်းဆုံး အမျိုးသမီး ၄၅ ဦးနှင့် ကလေး ၃၈ ဦး အပါအဝင် လူပေါင်း ၁၆၈ ဦး အထိ သေဆုံးခဲ့ကြောင်း သိရသည်။

၃၆။ အထက်ဖော်ပြပါအတိုင်း လူသားချင်း စာနာမှု အကူအညီပေးသူများသည် ထောက်ပံ့ရေး ပစ္စည်းများ ပို့ဆောင်ရာ၌ စစ်ဆေးရေးဂိတ်များမှတစ်ဆင့် ဖြတ်သန်းသည့် အချိန်တွင် နှောင့်ယှက်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ ဖမ်းဆီးခြင်းနှင့် ထိန်းသိမ်းချုပ်နှောင်ခြင်း စသည့် သိသာထင်ရှားသော ဘေးအန္တရာယ်များအား ရင်ဆိုင်ရသည်။ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ် တောင်ပိုင်းဒေသများတွင် မြန်မာစစ်တပ်သည် လူသားချင်း စာနာမှု အကူအညီများ ပေးခွင့်ကို လွှမ်းခြုံ ကန့်သတ်ချက်များ ချမှတ်ထားသည့် အချိန်တွင် ဆေးဝါးများ အပါအဝင် လိုအပ်သော အရေးပေါ် ထောက်ပံ့ရေး ပစ္စည်းများအား သယ်ယူပို့ဆောင်ရာပေးကြသော အကူအညီ ပေးသူများနှင့် ကျန်းမာရေး လုပ်သားများ အများအပြားကို ဖမ်းဆီးထိန်းသိမ်းခဲ့သည်။ ညမထွက်ရ အမိန့် သို့မဟုတ် သတ်မှတ်ထားသည့် ယာဉ်ပေါ်တွင် တစ်ကြိမ်လျှင် သွားလာနိုင်သည့် လူအရေအတွက် ကန့်သတ်ချက်များအား အထူးသဖြင့် စစ်အုပ်ချုပ်ရေး ထုတ်ပြန်ထားသည့် ဒေသများ၌ ထုတ်ပြန်ခြင်းကြောင့် လူသားချင်း စာနာမှု အကူအညီများ သယ်ယူပို့ဆောင်ခြင်း အပေါ် ပို၍ အန္တရာယ်များစေပါသည်။ “အဓိက အန္တရာယ်ကတော့ သင်က ကူညီပံ့ပိုးရေး ပစ္စည်းတွေကို သွားပို့ပေးတဲ့အခါ သင့်ကို တရားမဝင် အဖွဲ့တွေနဲ့ ဆက်နွယ်တယ်လို့ သတ်မှတ်ခဲ့ရပြီး အဲဒီအတွက် ဖမ်းဆီးခံရတာပါပဲ၊”ဟု အင်တာဗျူး ဖြေဆိုသူ တစ်ဦးက ဆိုခဲ့သည်။

၃၇။ စစ်တပ် ဆန့်ကျင်ရေး လက်နက်ကိုင် အဖွဲ့အစည်းများသည် လူသားချင်း စာနာမှု အကူအညီ ပေးသူများအား ပစ်မှတ်ထား၍ သတ်ဖြတ်ခြင်း၊ ဖမ်းဆီးထိန်းသိမ်းခြင်းနှင့် နှောင့်ယှက်ခြင်း အပါအဝင် အကြမ်းဖက်မှုများ အတွက် တာဝန်ရှိကြောင်းကိုလည်း သတ်မှတ်ဖော်ထုတ်ခဲ့ပါသည်။ ၂၀၂၂ ခုနှစ်၊ ဇွန်လတွင် ဖြစ်ပွားခဲ့သော ထင်ရှားသည့် ဖြစ်ရပ်တစ်ခုအရ မွန်ပြည်နယ်ရှိ လက်နက်ကိုင် အဖွဲ့တစ်ဖွဲ့သည် ကမ္ဘာ့ကျန်းမာရေး အဖွဲ့၏ ဝန်ထမ်းတစ်ဦးကို သတ်ဖြတ်မှုအတွက်[27] တာဝန်ရှိကြောင်း ထုတ်ဖော်ပြောဆိုခဲ့သည်။

[27] https://crisis24.garda.com/alerts/2022/06/myanmar-anti-military-group-shoots-who-staff-worker-in-mawlamyine-june-8

## ၅။ ဖုန်းအင်တာနက် ဆက်သွယ်ရေး

၃၈။ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းတွင် မြန်မာစစ်တပ်သည် မိုဘိုင်းလ် ဖုန်းများမှတစ်ဆင့် အင်တာနက် အသုံးပြုနေသည့် ပြည်သူလူထုအား ထိန်းချုပ်ရန် ရည်ရွယ်၍ မိုဘိုင်းလ် ဖုန်းနှင့် အင်တာနက် ဝန်ဆောင်မှုများအား ကန့်သတ်ခဲ့သည်။[28]

၃၉။ ၂၀၂၂ ခုနှစ် နှစ်လယ်ပိုင်းတွင် မြန်မာစစ်တပ်သည် ပဋိပက္ခနှင့် အကြမ်းဖက်မှု ဒဏ်သင့်နေသည့် ဒေသများ၌ ဖုန်းအင်တာနက်လိုင်းများအား ကန့်သတ်ပိတ်ပင်မှုများကို အလေးပေး ဆောင်ရွက်လာသည်။ စစ်တပ် ဆန့်ကျင်ရေး လက်နက်ကိုင် အဖွဲ့အစည်းများနှင့် အခြားအဖွဲ့များသည် ဆက်သွယ်ရေး တာဝါတိုင်များကို တိုက်ခိုက်ဖျက်ဆီးခဲ့ကြောင်းနှင့် အချို့နေရာများတွင် လျှပ်စစ်မီး မမှန်ခြင်းကြောင့် ဖုန်းအင်တာနက် ဝန်ဆောင်မှုများ ပြတ်တောက်မှု ရှိကြောင်း အစီရင်ခံတင်ပြကြပါသည်။ သို့သော် အခြေအနေ အများစုတွင် မြန်မာ စစ်တပ်သည် စစ်ဆင်ရေး ဆောင်ရွက်သည့် ဒေသများ၊ အထူးသဖြင့် ချင်း၊ ကချင်၊ ကယား၊ မကွေး၊ မန္တလေးနှင့် စစ်ကိုင်းတိုင်းရှိ မြို့နယ်များတွင် ဖုန်းအင်တာနက် ဆက်သွယ်ရေး ဝန်ဆောင်မှုများကို စနစ်တကျ ကန့်သတ်ပိတ်ပင်ထားပါသည်။ အဆိုပါ ဒေသများတွင် မြန်မာစစ်တပ်သည် မိုဘိုင်းလ် ဆက်သွယ်ရေး လိုင်းများအား ကာလအတန်ကြာ ဖြတ်တောက်ထားပြီး စစ်ဆင်ရေး မစတင်မီ ဆက်သွယ်ရေးလိုင်းများအား ဖြတ်တောက်မှုမျိုး မကြာခဏ လုပ်တတ်ကြောင်း သတင်းပို့ ဖော်ပြမှုများ ရှိပါသည်။ ဆက်သွယ်ရေး ဝန်ဆောင်မှု ကန့်သတ်ရန် ထုတ်ပြန်သည့် အမိန့်များမှာ ပွင့်လင်းမြင်သာမှု မရှိခြင်းနှင့် အများမသိအောင် လျှို့ဝှက်ခြင်း၊ ဆက်သွယ်ရေး ကဏ္ဍတွင် စစ်တပ်နှင့် အချိတ်အဆက်ရှိသူများ၏ ပိုင်ဆိုင်မှု တိုးလာခြင်းနှင့် စစ်တပ်က ချမှတ်သည့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာမှု အားကောင်းစေရန် ဆက်သွယ်ရေး ဝန်ဆောင်မှု ပေးသည့် ကုမ္ပဏီများကို ခြိမ်းခြောက်သည့် လုပ်ရပ်များတို့ကြောင့် မိုဘိုင်းလ် ဆက်သွယ်ရေး လုပ်ငန်းများ အပေါ် ချမှတ်ထားသည့် အမိန့်နှင့် ကန့်သတ်ချက်များ ဆိုင်ရာ သက်ရောက်မှုများအား တိကျစွာ အကဲဖြတ်ရန် အလွန် စိန်ခေါ်မှု ရှိစေပါသည်။

၄၀။ ထိုသို့သော ဆက်သွယ်ရေး ကန့်သတ်ချက်များသည် အကူအညီ လိုအပ်နေသော လူထုက အကူအညီ တောင်းခံနိုင်စွမ်းနှင့် ၎င်းလူထုထံသို့ အကူအညီ ပေးသူများက သွားရောက်ကူညီနိုင်စွမ်း နှစ်ရပ်စလုံး အပေါ် သက်ရောက်မှု ရှိစေပါသည်။ အင်တာနက် ဝန်ဆောင်မှု ပြတ်တောက်မှုများကြောင့် အသက် အန္တရာယ် ဖြစ်စေနိုင်သော အကျိုးဆက်များ ရှိကြောင်း ဆွေးနွေးသူများက အစီရင်ခံ တင်ပြကြပါသည်။ ချိတ်ဆက်နိုင်မှု နည်းပါးခြင်းသည် စစ်ရေး တိုက်ခိုက်မှုများနှင့် ဆက်စပ်သော အချိန်မီ သတင်း အချက်အလက်များနှင့် သတိပေးချက်များအား လူထု အသိုက်အဝန်းမှ လက်ခံရရှိနိုင်စွမ်းကို ကန့်သတ်ထားကာ ဘေးကင်းရာသို့ သွားရောက်ရန် အချိန်နည်းပါးစေသည်။ ထို့အပြင် မိုဘိုင်းလ် ဖုန်းနှင့် အင်တာနက် လိုင်းများအား ပိတ်ထားခြင်းကြောင့် လူသားချင်း စာနာမှု ဆိုင်ရာ လိုအပ်ချက်များ အတွက် အရေးကြီးသော သတင်း အချက်အလက်များအား တစ်ဦးချင်း မျှဝေနိုင်မှုကို သိသိသာသာ အဟန့်အတား ဖြစ်စေပါသည်။ အင်တာနက်၊ ဖုန်းလိုင်း ပိတ်ထားသည့် နေရာတွင် နေထိုင်သူများသည် မရှိမဖြစ် လိုအပ်သော ဆက်သွယ်ရေးလိုင်း ရသော နေရာများသို့ သွားရောက်ရန် အန္တရာယ်များပြီး အလွန်ဝေးလံစွာ ခရီးသွားရပါသည်။ မိုဘိုင်းလ် အင်တာနက် ဝန်ဆောင်မှုများအား ပိတ်ချပြီးနောက် မလုံခြုံသော (unencrypted) ဆက်သွယ်ရေး နည်းလမ်းများကို အသုံးပြုခြင်း အားဖြင့် မြန်မာစစ်တပ်၏ စောင့်ကြည့်ခြင်း ခံရမည်ကို စိုးရိမ်ကြောင်း အရပ်သားများက ထုတ်ဖော်ပြောဆိုကြသည်။

၄၁။ တစ်ချိန်တည်းမှာပင် ဆက်သွယ်ရေး ကန့်သတ်ချက်များသည် လူသားချင်း စာနာမှု အကူအညီ ပေးသူများ၏ လုပ်ငန်းကို နည်းလမ်းအမျိုးမျိုးဖြင့် အဟန့်အတား ဖြစ်စေပါသည်။ ဆေးဘက်ဆိုင်ရာ ဝန်ထမ်းများသည် ကျေးလက် လူထုအား ကူညီရာတွင် အလွန်အမင်း ကန့်သတ်မှုများ ကြုံရကြောင်း၊ ၎င်းတွင် အဝေးမှ ဆက်သွယ်ရေးလိုင်းမှတစ်ဆင့် ကျန်းမာရေး အကြံပြုချက်များ ဆိုင်ရာ သတင်း အချက်အလက် ရရှိနိုင်စွမ်းနှင့် ပေးနိုင်စွမ်းတို့ကို ကန့်သတ်မှုများ ပါဝင်ကြောင်း အစီရင်ခံ တင်ပြခဲ့ကြသည်။ အင်တာနက် လိုင်းပတ်ထားခြင်းသည် အွန်လိုင်းမှတစ်ဆင့် အသက်တမျှ အရေးကြီးသော သတင်း အချက်အလက်များအား မျှဝေမှု၊ မိုဘိုင်းလ် ဘဏ်လုပ်ငန်းဆိုင်ရာ အက်ပ်လီကေးရှင်းများ အသုံးချနိုင်မှု၊ လွန်စွာ တင်းကျပ်သော ဘဏ်လုပ်ငန်း အခင်းအကျင်း၌ ရံပုံငွေရရှိရေး စသည်တို့ကို ပိုမိုကန့်သတ်ခံရကြောင်း၊ လူသားချင်း စာနာမှု

[28] A/HRC/48/67

အကူအညီပေးရေး လုပ်ငန်းများ အပေါ် ထောက်ပံ့ပို့ဆောင်ရေး ဆိုင်ရာ အခက်အခဲ အများအပြား ရှိစေကြောင်းနှင့် ဒေတာ အချက်အလက် ကောက်ခံမှု၊ လိုအပ်ချက်များ ဆန်းစစ်စိတ်ဖြာမှု၊ ပတ်သက်သူများ အကြား ညှိနှိုင်းပေါင်းစပ်မှု၊ အလှူရှင် အဖွဲ့အစည်းများမှ ခွင့်ပြုချက် အပါအဝင် ခွင့်ပြုမိန့် ရရှိမှုနှင့် အကူအညီများအား ထိရောက်စွာ ပံ့ပိုးကူညီနိုင်မှုအား တားဆီးပိတ်ပင်နေကြောင်း အဖွဲ့အစည်းများက အစီရင်ခံ တင်ပြကြပါသည်။ အဖွဲ့အစည်း အများအပြားသည် ကြီးမားသော စိန်ခေါ်မှုများကြားမှ အသက်တမျှ အရေးကြီးသော အကူအညီကို ဆက်လက် ပံ့ပိုးနေသော်လည်း လုပ်ငန်းဆောင်ရွက်ရန် ပစ်မှတ်ထားသည့် ဒေသများ၌ အကူအညီ ပေးသည့် အဖွဲ့အစည်းများမှ လုံခြုံရေး အခြေအနေ အပေါ် အချိန်မီ သတင်း အချက်အလက် ရယူနိုင်စွမ်း မရှိခြင်းနှင့် အန္တရာယ် ရှိသည်ဟုသည့် အနှုတ်လက္ခဏာဆောင်သော ဆန်းစစ်စိတ်ဖြာမှု ရလဒ်များကြောင့် အကူအညီ ပေးသည့် အဖွဲ့အစည်းများသည် ထိုနေရာဒေသများကို သွားရောက်မကူညီဘဲ မကြာခဏ ရှောင်ရှားရသည့် အခြေအနေမျိုး ဖြစ်ပေါ်စေပါသည်။

## ခ။ အကူအညီ လိုအပ်နေသော လူထုမှ အကူအညီများ သွားရောက်ရယူခွင့်

### ၁။ မြန်မာစစ်တပ်၏ "ဖြတ်လေးဖြတ် နည်းဗျူဟာ"

၄၂။ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ၏ စားနပ်ရိက္ခာ၊ ရံပုံငွေ၊ ထောက်လှမ်းရေး သတင်း အချက်အလက်နှင့် တပ်သားသစ် ရရှိမှုတို့ကို ဖြတ်တောက်ပစ်ရန် သမားရိုးကျ ကြိုးပမ်းရည်ရွယ်သည့် မြန်မာ စစ်တပ်၏ "ဖြတ်လေးဖြတ်" နည်းဗျူဟာသည် ယခုအခါ မြန်မာစစ်တပ် ဆန့်ကျင်ရေး လက်နက်ကိုင် အဖွဲ့အစည်းများနှင့် ၎င်းတို့ကို ထောက်ပံ့ပေးနေသည်ဟု ယူဆသည့် အရပ်သားများကို ပစ်မှတ်ထား၍ တိုးချဲ့ ကျင့်သုံးလာသဖြင့် အကြီးအကျယ် သေကြေပျက်စီးမှုသို့ ဦးတည်သည့် အကျိုးဆက်များ ပေါ်ပေါက်လာသည်။ ရွာလုံးကျွတ် မီးရှို့ခြင်း၊ လေကြောင်း တိုက်ခိုက်မှုနှင့် လက်နက်ကြီး အမြောက်ဆံများဖြင့် ပစ်ခတ်ခြင်း သာမက တရားလက်လွတ် ဖမ်းဆီးခြင်း၊ အဓမ္မ အစဖျောက်ခြင်း၊ ညှင်းပန်းနှိပ်စက်ခြင်းနှင့် လူမဆန်စွာ ဆက်ဆံခြင်း အပါအဝင် အခြား နည်းပရိယာယ်များကို မှီခိုအားထားကာ ၎င်း"ဖြတ်လေးဖြတ်"နည်းဗျူဟာအား စနစ်တကျ အကောင်အထည် ဖော်ဆောင်မှုကြောင့် လူပေါင်း တစ်သန်းကျော် အစုလိုက် အပြုံလိုက် အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရသည်။

၄၃။ "ဖြတ်လေးဖြတ်" နည်းဗျူဟာမှတစ်ဆင့် သွားလာလှုပ်ရှားခွင့်အား ကန့်သတ်ခြင်း၊ လူသားချင်း စာနာမှု အထောက်အကူ ရယူခွင့် မပေးခြင်းနှင့် မြေလှန်ဖျက်ဆီးသည့် နည်းအား အသုံးပြုခြင်းအားဖြင့် မြန်မာ စစ်တပ်သည် ၎င်းတို့အား ဆန့်ကျင်သည့် အဖွဲ့အစည်းများအား အောက်ခြေမြေပြင်အဆင့်မှ ပံ့ပိုးပေးနေမှုကို ဖြတ်တောက်ရန် ရည်ရွယ်ကြိုးပမ်းနေပါသည်။ ၂၀၂၂ ခုနှစ်၊ နှောင်းပိုင်းတွင် မြန်မာစစ်တပ်သည် ရက္ခိုင့် တပ်တော်နှင့် တိုက်ခိုက်မှုများ ပြန်လည် ဖြစ်ပွားပြီးနောက် ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ် တောင်ပိုင်း ဒေသများတွင် လေကြောင်း တိုက်ခိုက်မှုနှင့် လက်နက်ကြီး အမြောက်များဖြင့် ပစ်ခတ်နေရင်း ထိုဒေသ၏ ရှစ်မြို့နယ် အတွင်း သွားလာ လှုပ်ရှားမှုများနှင့် လူသားချင်း စာနာမှု လုပ်ငန်းစဉ်များကို လုံးဝ တားမြစ်ပိတ်ပင်ခဲ့သည်။ ၎င်းတို့သည် အဓိက ကားလမ်းမကြီးများ၊ ရေလမ်းကြောင်း၊ တံတားများနှင့် အခြား ထောက်ပံ့ရေး လမ်းကြောင်းများရှိ စစ်ဆေးရေး ဂိတ်များမှတစ်ဆင့် စားနပ်ရိက္ခာ၊ ဆေးဝါး၊ ကျန်းမာရေး စောင့်ရှောက်မှုနှင့် အခြား မရှိမဖြစ် လိုအပ်သော ပစ္စည်းများအား သယ်ယူပို့ဆောင်ခွင့်ကို ကန့်သတ်ထားရာ ရိုဟင်ဂျာများ အပါအဝင် ၎င်းဒေသရှိ ရပ်ရွာလူထု အားလုံး အပေါ်သို့ ကြီးလေးသော ဆိုးကျိုးသက်ရောက်မှုများ ရှိခဲ့ပါသည်။ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလတွင် အပစ်အခတ် ရပ်စဲခဲ့သော်လည်း များစွာသော ကန့်သတ်ချက်များမှာ ဆက်လက် တည်ရှိဆဲဖြစ်ကာ လူသားချင်း စာနာမှု ကူညီခွင့်မှာလည်း လုံလောက်စွာ ရရှိခြင်း မရှိသေးပေ။

၄၄။ နိုင်ငံအဝှမ်းတွင် မီးလောင်ကျွမ်းမှု ဖြစ်စဉ် အမြောက်အများအား မှတ်တမ်းပြုစုမှု အရ ဤနည်းနာအား ကျယ်ကျယ်ပြန့်ပြန့်နှင့် စနစ်တကျ ဆောင်ရွက်တတ်သည့် သဘောသဘာဝကို မီးမောင်းထိုးပြနေကာ မြန်မာ စစ်တပ်သည် ၎င်းကို ဆန့်ကျင်သည်ဟု ယူဆသော ဒေသခံ အရပ်သား ပြည်သူ တစ်ရပ်လုံးကို သိမ်းကြုံး ပြစ်ဒဏ်ပေးခြင်းနှင့် ၎င်းတို့အား နေအိမ် အမိုးအကာ၊ စားနပ်ရိက္ခာ၊ ရေ၊ သက်မွေးဝမ်းကြောင်းနှင့် အသက် ကယ်ဆယ်နိုင်သော အထောက်အကူများ ရရှိနေခြင်းမှ မဟာဗျူဟာ ကျကျ ဖြတ်တောက်ရန် ရည်ရွယ်သည့် နည်းနာ ဖြစ်ပုံရပါသည်။ ကျေးရွာများအား မီးရှို့နေစဉ်တွင် မြန်မာစစ်တပ်သည် မွေးမြူရေး တိရစ္ဆာန်များ၊ စားသောက်ကုန် သိုလှောင်ရာ နေရာများနှင့် အခြားသော စိုက်ပျိုးရေးသုံး ပစ္စည်းများကို ပစ်မှတ်ထား၍

ဖျက်ဆီးကြောင်း ဆွေးနွေးသူများက အလေးပေး ပြောကြားခဲ့သည်။ မြန်မာစစ်တပ် ရှိသည့်နေရာများ၌ ကျန်းမာရေး စောင့်ရှောက်မှု ပေးသည့် နေရာများမှာလည်း ပစ်မှတ်ထား တိုက်ခိုက်ခံခဲ့ရပါသည်။

၄၅။ စစ်တပ် ရောက်ရှိချိန်တွင် မသန်စွမ်းသူများ၊ သက်ကြီးရွယ်အိုများ ကဲ့သို့ သီးခြား အားနည်းချက်ရှိသည့် အုပ်စုများ သို့မဟုတ် မထွက်ပြေးနိုင်သူများသည် အရှင်လတ်လတ် မီးရှို့သတ်ဖြတ်ခံရခြင်း အပါအဝင် အသတ်ခံရနိုင်ခြေ များပါသည်။ ၂၀၂၃ ခုနှစ်၊ မတ်လတွင် စစ်ကိုင်းတိုင်း ဒေသကြီးရှိ ကျေးရွာတစ်ရွာသို့ စစ်သား ၈၀ ခန့် ဝင်ရောက်၍ နေအိမ် ၁၇၅ လုံးခန့်ကို မီးရှို့ခဲ့ကြောင်း အင်တာဗျူးဖြေဆိုသူတစ်ဦးက ဖော်ပြခဲ့သည်။ ထိုဖြစ်စဉ်တွင် မသန်စွမ်း နှစ်ဦး အပါအဝင် သက်ကြီးရွယ်အို ခုနစ်ဦး မီးလောင် သေဆုံးခဲ့ကြောင်း သိရသည်။

၄၆။ သေဆုံးမှုနှင့် ထိခိုက်ဒဏ်ရာရမှုများ အပါအဝင် "ဖြတ်လေးဖြတ်" နည်းဗျူဟာအား စနစ်တကျ အကောင်အထည် ဖော်ခြင်းကြောင့် လူပေါင်းများစွာ နေရပ်စွန့်ခွာရခြင်းနှင့် အကာအကွယ် လိုအပ်မှုများ၊ လူသားချင်း စာနာမှု အကူအညီ လိုအပ်မှုများလည်း စဉ်ဆက်မပြတ် တိုးမြင့်လာစေခဲ့သည်။ မြန်မာစစ်တပ်သည် တရားဝင် စစ်ဘေးရှောင် စခန်းများ သို့မဟုတ် ယာယီ ခိုလှုံရာ နေရာများကိုပင် မရှောင်ဘဲ ကြိမ်ဖန်များစွာ လေကြောင်းတိုက်ခိုက်မှုများနှင့် လက်နက်ကြီး အမြောက်ပစ်ခတ်မှုများကို ကျူးလွန်နေသည် ဖြစ်ရာ အရပ်သားများမှာ ထပ်တလဲလဲ နေရပ်ပြောင်းရွှေ့ တိမ်းရှောင်ရစေသည့် ဘေးအန္တရာယ်အား ရင်ဆိုင်နေရပါသည်။ ၂၀၂၃ ခုနှစ် အစောပိုင်း ကတည်းက စစ်ဘေးရှောင် ပြည်သူများ ခိုလှုံရာ နေစရာ အမိုးအကာများနှင့် ဘုန်းကြီးကျောင်းများမှာ ပို၍ ပစ်မှတ်ထား တိုက်ခိုက်ခံရလာပြီး ဒုက္ခရောက်နေသော လူထုအား ထောက်ပံ့ကူညီပေးခြင်းတို့ကြောင့် အသတ်ခံ၊ ဖမ်းဆီးခံရသည့် ဗုဒ္ဓဘာသာ ရဟန်းသံဃာတော် အရေအတွက်မှာလည်း ပိုမို များပြားလာပါသည်။ အကျိုးဆက် အနေဖြင့် ဘုန်းတော်ကြီးကျောင်းများသည် အကြမ်းဖက် သတ်ဖြတ်မှုများမှ ထွက်ပြေး တိမ်းရှောင်လာသူများအား နေစရာ အမိုးအကာ ပေးရန် တွန့်ဆုတ်ကြကုန်သည်ဟု ဆွေးနွေးသူများက ထည့်သွင်းပြောကြားခဲ့ပါသည်။

၄၇။ မြန်မာနိုင်ငံ၏ အနောက်မြောက်၊ အလယ်ပိုင်းနှင့် အရှေ့တောင်ပိုင်း ဒေသရှိ ထောင်နှင့်ချီသော လူများသည် နေရပ်ပြန်၍ နေထိုင်ရန် မည်သည့် အရာမျှ မကျန်တော့သဖြင့် ထွက်ပြေး တိမ်းရှောင်နေရသည်။ ထိုသို့ တိမ်းရှောင်သူများမှ အများစုသည် တောတောင် အတွင်းသို့ သွားကြကာ အလွန်အမင်း မရေရာသည့် အခြေအနေများတွင် တာပေါ်လင် ပလပ်စတစ်မိုးကာများနှင့် တွေ့ရာပစ္စည်းများဖြင့် တည်ဆောက်ထားသော တဲများဖြင့် နေထိုင်ကြရသည်။ အထူးသဖြင့် စဉ်ဆက်မပြတ် ကြိမ်ဖန်များစွာ စစ်ဆင်ရေး ဆင်နွှဲနေမှုကြောင့် နေရပ်စွန့်ခွာ တိမ်းရှောင်ရသည့် အချိန်ကာလ ကြာမြင့်လာသော အခါ တောတောင်အတွင်း နေထိုင်ရသည့် နေ့တဓူဝ ဘဝသက်တာမှာ အသက် အန္တရာယ် များလှကြောင်း အင်တာဗျူး ဖြေဆိုသူများက ရှင်းပြပါသည်။ မြွေဆိပ်ဖြေဆေး ကဲ့သို့ ဆေးဝါးများအား လက်လှမ်းမီ ရရှိနိုင်မှု မရှိခြင်းကြောင့် မြွေကိုက်ခံရသော ကလေးငယ်များ သေဆုံးရသည့် ဖြစ်စဉ်ဖော်ပြချက်များအား OHCHR အဖွဲ့မှ လက်ခံရရှိခဲ့ပြီး ၎င်းမှာ ကာလကြာရှည် အတင်းအဓမ္မ ရွှေ့ပြောင်းခံရခြင်းနှင့် လူသားချင်း စာနာမှု အကူအညီများအား လက်လှမ်းမီ ရယူခွင့် ကန့်သတ်ခံရခြင်းကြောင့် ဖြစ်ပေါ်လာသည့် အန္တရာယ်များကို မီးမောင်းထိုးပြနေပါသည်။ မြန်မာစစ်တပ်က လူသားချင်း စာနာမှု ဆိုင်ရာ ဝင်ရောက်ကူညီခွင့်ကို ငြင်းဆိုမှုကြောင့် ထိခိုက်ဒဏ်ရာရခြင်း၊ နာတာရှည် ရောဂါများ၊ ကူးစက် ရောဂါများ ဖြစ်ပွားခြင်းနှင့် သက်ရှင်နေထိုင်နိုင်မည့် အခြေအနေ မလုံလောက်ခြင်း စသည်တို့ကြောင့် စစ်ဘေးရှောင် မွေးကင်းစ ကလေးငယ်များနှင့် သက်ကြီးရွယ်အိုများ အမြောက်အများ သေဆုံးမှု ရှိခဲ့ကြောင်း ခိုင်လုံသော သတင်းရင်းမြစ်များက ဖော်ပြနေပါသည်။

## ၂။ မြေမြှုပ်မိုင်းနှင့် မပေါက်ကွဲသေးသော ဗုံးလက်နက်များ

၄၈။ မြေမြှုပ်မိုင်းများ၊ မော်တာကျည်များ၊ လက်နက်ကြီး အမြောက်များ၊ ဝေဟင်မှ ပစ်ချလိုက်သော လက်နက်များနှင့် အခြား မပေါက်ကွဲသေးသည့် လက်နက်များ အပါအဝင် ပေါက်ကွဲစေသော စစ်ပွဲ လက်ကျန် ဗုံးလက်နက်များက မြန်မာနိုင်ငံအဝှမ်း၌ အမြောက်အများ ပျံ့နှံ့တည်ရှိနေခြင်းသည် လူသားချင်း စာနာမှု အကူအညီ ရယူခြင်းနှင့် ဒုက္ခသည်များ၏ နေရပ်ပြန်ရေး ဆိုင်ရာ ကိစ္စရပ်များတွင် သိသာထင်ရှားသော ဘေးအန္တရာယ်များ ရှိကြောင်း ဆွေးနွေးသူများက တညီတညွတ်တည်း သဘောတူခဲ့ကြပါသည်။ သီးခြား အတည်ပြုချက်များ မရနိုင်သေးမီ ယုံကြည်လောက်သော သတင်းရင်းမြစ်များ၏ ဖော်ပြချက် အရ မြေမြှုပ်မိုင်းအား အဓိက အသုံးပြုမှု အတွက် မြန်မာစစ်တပ်တွင် တာဝန်ရှိကြောင်း ဖော်ပြနေပါသည်။ သို့သော် စစ်တပ် ဆန့်ကျင်ရေး လက်နက်ကိုင် အဖွဲ့အစည်းများသည်လည်း မြေမြှုပ်မိုင်းများနှင့် လက်လုပ် ဖောက်ခွဲရေး ပစ္စည်းများကို ထုတ်လုပ်နေကြောင်း၊ ၎င်းတို့အား စစ်ရေး ပစ်မှတ်များကို တိုက်ခိုက်သိမ်းပိုက်ပြီးနောက်

ရရှိထားကြောင်း ဖော်ပြကြပါသည်။ စစ်တပ် ဆန့်ကျင်ရေး လက်နက်ကိုင် အဖွဲ့အစည်းများသည် လူနေထူထပ်သော နေရာများတွင် လက်လုပ် ဖောက်ခွဲရေး ပစ္စည်းများဖြင့် စစ်တပ်အား ပစ်ခတ်တိုက်ခိုက်ခြင်း အပါအဝင် စစ်တပ် ယာဉ်တန်းများအား ပစ်မှတ်ထား တိုက်ခိုက်နေကြောင်း သိရသည်။ နိုင်ငံတကာ လူသားချင်း စာနာမှု ဥပဒေကို ချိုးဖောက်ကာ အများပြည်သူသုံး ဘတ်စ်ကားများကို ပစ်မှတ်ထား တိုက်ခိုက်ခဲ့ကြောင်းလည်း သတင်းများ ရရှိခဲ့ပါသည်။

၄၉။ အခြေစိုက် စခန်းများနှင့် ကင်းစခန်းများကို ခုခံကာကွယ်ရန် မြေမြှုပ်မိုင်းများ ထောင်ထားခြင်းကို စစ်ရေး ပရိယာယ်၏ တစ်စိတ်တစ်ပိုင်း အဖြစ် အသုံးပြုခြင်း သာမက နေရပ်ပြန်လာခြင်းကို တားဆီးရန်နှင့် အဆောက်အအုံများ ပြန်လည် အသုံးပြုမှုကို ဟန့်တားရန် အတွက်လည်း မြေမြှုပ်မိုင်းများ ထောင်ကြသည်ဟု ဆွေးနွေးသူ တစ်ဦးက ဆိုပါသည်။ မြေမြှုပ်မိုင်းများအား ဆေးခန်းများ၊ ကျန်းမာရေး စောင့်ရှောက်မှု အဆောက်အအုံများ၊ ဘာသာရေး အဆောက်အအုံများ၊ နေအိမ်နှင့် ကျေးရွာများ စသည့် နေရာများ အနီး သို့မဟုတ် အတွင်းတွင် ချထားခြင်းနှင့် လူသားချင်း စာနာမှု အကူအညီ ပေးအပ်ရန်နှင့် ကျန်းမာရေး၊ အသက်မွေးဝမ်းကြောင်း အခွင့်အလမ်းများ ရရှိရန် အတွက် အသုံးပြုသည့် အများသူငါ ထောက်ပံ့ရေး လမ်းကြောင်း တစ်လျှောက် မြေမြှုပ်မိုင်းထောင်ခြင်းသည် အပြည်ပြည်ဆိုင်ရာ စံချိန်စံနှုန်းများ ချိုးဖောက်ရာ ရောက်ပါသည်။ စိုးရိမ်ဖွယ်ရာကောင်းသည့် ကိစ္စရပ်မှာ လူသားချင်း စာနာမှု ဆိုင်ရာ မိုင်းရှင်းလင်းခြင်း လုပ်ငန်းများ လုံးဝ မရှိခြင်း အပြင် ထောင်ထားသော မြေမြှုပ်မိုင်းများ၏ တည်နေရာအား စနစ်တကျ မှတ်တမ်းပြုစုခြင်းနှင့် မိုင်းထောင်ထားသည့် အမှတ်လက္ခဏာများ မရှိခြင်း ဖြစ်ပြီး ၎င်းသည် အရပ်သား လူထုသည် သိသိသာသာ ဘေးအန္တရာယ် ဖြစ်စေသလို အနာဂတ်ကာလ အထိ အကာအကွယ် ပေးရေးနှင့် ဆက်စပ်၍ အစဉ်တစိုက် စိုးရိမ်ပူပန်ဖွယ်ရာ ကိစ္စဖြစ်ပါသည်။

၅၀။ အကြမ်းဖက်မှုများ ဆက်လက် ပြင်းထန်လာသဖြင့် ပြည်နယ်နှင့် တိုင်းဒေသကြီး ၁၄ ခုအနက် ၁၂ ခုသည် မြေမြှုပ်မိုင်းများ ပျံ့နှံ့တည်ရှိကြောင်း ဆွေးနွေးသူများက ခန့်မှန်းကြပါသည်။ မြေမြှုပ်မိုင်းကြောင့် ထိခိုက်သေကြေသူ အရေအတွက်အား အစီရင်ခံ ဖော်ပြမှု နည်းပါးသော်လည်း အာဏာမသိမ်းမီကာလ၌ မြေမြှုပ်မိုင်းကြောင့် သေဆုံးသူ ၆၄ ဦးနှင့် ဒဏ်ရာရသူ ၁၆၃ ဦးနှင့် နှိုင်းယှဉ်ပါက[29] ၂၀၂၁ ခုနှစ်တွင် မြေမြှုပ်မိုင်းကြောင့် သေဆုံးသူ ၈၂ ဦးနှင့် ဒဏ်ရာရသူ ၂၁၆ ဦးဖြင့်[30] ၁၃၆ ရာခိုင်နှုန်း တိုးလာကာ ၂၀၂၂ ခုနှစ်တွင် မြေမြှုပ်မိုင်းကြောင့် သေဆုံးသူ ၁၁၂ ဦးနှင့် ဒဏ်ရာရသူ ၂၈၇ ဦးဖြင့် ၁၇၆ ရာခိုင်နှုန်း[31] တိုးလာပါသည်။ အဆိုပါ ကိန်းဂဏန်းများအရ မြန်မာ စစ်တပ်သည် လေကြောင်းတိုက်ခိုက်မှုများ အပေါ် စစ်ရေးအရ အားထားလာရမှု တိုးလာခြင်းကြောင့် မြေပြင်ပေါ်တွင် မပေါက်ကွဲသေးသော ဖုံးကျည်လက်နက် အရေအတွက် မလွဲမသေ ပိုမိုများပြားလာမည် ဖြစ်ရာ အလွန် အတိဒုက္ခရောက်နေကြသော အရပ်သားလူထုအား အကာအကွယ်ပေးရေး အတွက် စိုးရိမ်ပူပန်မှုများ တိုးစေပါသည်။ ရှင်သန်လွတ်မြောက်လာသူများမှာလည်း လုံလောက်သော ကျန်းမာရေး ဝန်ဆောင်မှု မရရှိသောကြောင့် ကျန်းမာရေး စိန်ခေါ်မှု အခက်အခဲများစွာကို ရင်ဆိုင်ရပါသည်။

## ၃။ ကျန်းမာရေး ရပိုင်ခွင့် အပေါ် သက်ရောက်မှု

၅၁။ မြန်မာစစ်တပ်၏ လုပ်ရပ်သည် မြန်မာနိုင်ငံ၏ ကျန်းမာရေး စနစ်နှင့် လူပုဂ္ဂိုလ် တစ်ဦးချင်းစီ၏ ကျန်းမာရေး ရပိုင်ခွင့် အပေါ် ဆိုးဆိုးရွားရွား သက်ရောက်ခဲ့သည်။

၅၂။ ကျန်းမာရေး စနစ်အရ ဆိုရလျှင် အုပ်ချုပ်ရေးနှင့် ခေါင်းဆောင်မှု၊ ဘဏ္ဍာရေး၊ ကျန်းမာရေး လုပ်သား အင်အားစု၊ ဆေးဘက်ဆိုင်ရာ ထုတ်ကုန်များနှင့် နည်းပညာများ၊ ကျန်းမာရေး စောင့်ကြည့်လေ့လာရေးနှင့် သတင်း အချက်အလက်၊နှင့် ဝန်ဆောင်မှု ပေးခြင်း စသည့် ပြည်သူ့ကျန်းမာရေး စနစ်၏ ကဏ္ဍအားလုံး နီးပါးသည် မြန်မာစစ်တပ်၏ မူဝါဒများကြောင့် ဆိုးရွားစွာ သက်ရောက်မှု ရှိခဲ့ပါသည်။ ထင်ရှားသော ဖြစ်ရပ် နှစ်ခု အရ မြန်မာနိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်ဆေးထိုးခြင်း အစီအစဉ်ကို ဦးဆောင်ခဲ့သည့် ပြည်သူ့ ကျန်းမာရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာ ထားထားလင်းနှင့် ညွှန်ကြားရေးမှူးချုပ် ဖြစ်သူ ဒေါက်တာ စိုးဦးတို့သည် အကျင့်ပျက် ခြစားမှုဖြင့် မဟုတ်မမှန် ဖမ်းဆီးခံခဲ့ရပြီး ထောင်ဒဏ် ၃ နှစ်နှင့် ၂ နှစ်စီ

[29] https://www.unicef.org/myanmar/media/6306/file/Myanmar%20Landmine-ERW%20Incidents%20Information.pdf

[30] https://www.unicef.org/myanmar/media/7431/file/Myanmar_Landmine_ERW_Incidents_Information.pdf

[31] https://www.unicef.org/myanmar/media/8731/file/Myanmar%20Landmine-ERW%20Incidents%20Information%20(January-February%202023).pdf

အသီးသီး ချမှတ်ခံရသည်။[32] ကျန်းမာရေး ကဏ္ဍအတွက် နိုင်ငံတော် အသုံးစရိတ်သည် ၂၀၂၁ ခုနှစ်မှစ၍ လျော့ကျလာပြီး ၎င်းမှာ ဆေးဘက်ဆိုင်ရာ ထုတ်ကုန်များနှင့် ဆောက်လုပ်ရေး ဆိုင်ရာ အသုံးစရိတ်များ ကျဆင်းလာခြင်းကြောင့် ဖြစ်နိုင်ပါသည်။[33] အကြမ်းမဖက် အာဏာဖီဆန်ရေး လှုပ်ရှားမှုတွင် ကျန်းမာရေး ကဏ္ဍမှ ဦးဆောင်ဦးရွက်ပြုမှုနှင့် ပူးပေါင်း ပါဝင်မှုတို့ အတွက် ကျန်းမာရေး ဝန်ထမ်းများအား မတရား ဖမ်းဆီးချုပ်နှောင်ခြင်းတို့ဖြင့် ပစ်မှတ်ထားကာ ဆေးကုသခွင့် လိုင်စင် ရုပ်သိမ်းမည်ဟု ခြိမ်းခြောက်ခြင်း ခံကြရသည်။[34] အခြေခံ ကျန်းမာရေး စောင့်ရှောက်မှု ရရှိစေရန် ကျန်းမာရေး အသိပညာပေးခြင်း၊ ရောဂါ စောင့်ကြပ်ခြင်း၊ ဝန်ဆောင်မှု ပေးခြင်းနှင့် လွှဲပြောင်းရေး ဝန်ဆောင်မှုများ အတွက် သားဖွား ဆရာမများနှင့် အခြား ရပ်ရွာ အခြေပြု ကျန်းမာရေး လုပ်သားများ၏ အောက်ခြေ လုပ်ငန်းဆောင်ရွက်ချက်များကို အမှီသဟဲ ပြုထားရသည့် မြန်မာနိုင်ငံ၏ ကျန်းမာရေး အခြေအနေတွင် မြန်မာစစ်တပ်၏ စည်းချက်ကျကျ အကြမ်းဖက်မှုနှင့် လူ့အခွင့်အရေး ချိုးဖောက်မှုများသည် ပြည်သူ့ ကျန်းမာရေး မူဝါဒကို ပံ့ပိုးပေးသည့် ကျန်းမာရေး စောင့်ကြည့်ခြင်းနှင့် သတင်း အချက်အလက် စနစ်နှင့် ကျန်းမာရေး ဝန်ဆောင်မှု ပေးခြင်း ကဏ္ဍ နှစ်ရပ်စလုံးကိုပါ ကျယ်ကျယ်ပြန့်ပြန့် သက်ရောက်မှု ရှိပါသည်။

၅၃။ အာဏာသိမ်းပြီးနောက်ပိုင်း စစ်တပ် ဆန့်ကျင်ရေး အဖွဲ့အစည်းများအား နှိမ်နင်းရန် ရည်ရွယ်၍ လူသားချင်း စာနာမှု အကူအညီများအား ကန့်သတ်သည့် လုပ်ရပ်၏ တစ်စိတ်တစ်ပိုင်း အဖြစ် ကျန်းမာရေး စောင့်ရှောက်မှု အပေါ် တိုက်ခိုက်မှုများမှာ ထင်ရှားသော အင်္ဂါရပ် တစ်ခု ဖြစ်လာပါသည်။ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလမှ စတင်၍ ဤတိုက်ခိုက်မှုများကို အဆင့်သုံးဆင့် ခွဲခြားနိုင်ပါသည်။

(၁) အာဏာသိမ်းပြီးနောက် အစောပိုင်း လများတွင် ကျန်းမာရေး ဝန်ထမ်းများသည် အာဏာ ဖီဆန်ရေး လှုပ်ရှားမှုနှင့် လူထု ဆန္ဒပြပွဲများတွင် ပါဝင်သဖြင့် ပစ်မှတ်ထားခံရသည်။ လုံခြုံရေး တပ်ဖွဲ့ဝင်များသည် လူနာတင်ယာဉ်များကို တိုက်ခိုက်ခြင်း၊ ကျန်းမာရေး ဝန်ထမ်းများကို ကိုယ်ထိလက်ရောက် စော်ကားခြင်း၊ ကျန်းမာရေး အဆောက်အအုံများကို စီးနင်းသိမ်းပိုက်ခြင်း၊ ဒဏ်ရာရ ဆန္ဒပြသူများအား ရှာဖွေခြင်းနှင့် ၎င်းတို့အား ကုသခြင်း မပြုရန် ကျန်းမာရေး စောင့်ရှောက်ရာ နေရာများကို ဖိအားပေးခြင်းများ ရှိခဲ့ကြောင်း ယုံကြည်စိတ်ချရသည့် သက်သေခံချက်များကို OHCHR က ရရှိခဲ့ပါသည်။

(၂) ၂၀၂၁ ခုနှစ်၊ နှစ်လယ်ပိုင်းတွင် မြန်မာနိုင်ငံအတွင်း တတိယမြောက် ကိုဗစ်-၁၉ ရောဂါလှိုင်းနှင့် ရင်ဆိုင်နေရချိန်၌ မြန်မာစစ်တပ်သည် စစ်တပ် ကျန်းမာရေး စောင့်ရှောက်ရာ နေရာများ အတွက် အသုံးပြုရန် အလို့ငှာ ဆေးဘက်ဆိုင်ရာ ထောက်ပံ့မှုများ အထူးသဖြင့် အောက်ဆီဂျင် ပုလင်းများကို လက်ဝါးကြီးအုပ် ရယူထားခြင်း အားဖြင့် ကိုဗစ်-၁၉ နှင့် ဆက်စပ်သော ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများကို တားမြစ် ပိတ်ပင်ခဲ့ပါသည်။ ကျန်းမာရေး မူဝါဒများကို ဝေဖန်ဝံ့သူများနှင့် စစ်တပ် ကျန်းမာရေး အဆောက်အအုံ ပြင်ပမှ ဆေးကုသမှု ပေးနေသော ကျန်းမာရေး ကျွမ်းကျင်သူများကို အချိန်မဆိုင်းဘဲ ဆက်တိုက် ဖမ်းဆီးမှုများ ရှိခဲ့ပါသည်။

(၃) ၂၀၂၁ ခုနှစ် နှောင်းပိုင်းမှစ၍ ကျန်းမာရေး စောင့်ရှောက်မှု အပေါ် တိုက်ခိုက်မှုများသည် နိုင်ငံအဝှမ်း ပိုမိုပြင်းထန်လာသော အကြမ်းဖက်မှုများနှင့် အားကောင်းစွာ ချိတ်ဆက်မှု ရှိပါသည်။ အချို့သော ကျန်းမာရေး ဝန်ထမ်းများနှင့် ဆေးဘက်ဆိုင်ရာ အထောက်အပံ့များ သယ်ဆောင်လာသူများမှာ ဖမ်းဆီးခံရကြောင်း ဆွေးနွေးသူများက ဆိုသည်။ စစ်သားများသည် လူတစ်ဦး၏ မော်တော်ယာဉ် အတွင်း ဆေးဘက်ဆိုင်ရာ ထောက်ပံ့ရေး ပစ္စည်းများကို တွေ့ရှိပြီးနောက် ထိုသူအား စစ်တပ် ဆန့်ကျင်ရေး လက်နက်ကိုင် အဖွဲ့အစည်းများနှင့် ဆက်နွယ်သူဟု စွပ်စွဲကာ ညှင်းပန်းနှိပ်စက်၍ ထိုသူမှာ ဒဏ်ရာအပြင်းအထန် ရရှိပြီး ၁၀ ရက်ခန့် ဆေးရုံတက်ခဲ့ရကြောင်း လူတစ်ဦးက ဆိုပါသည်။ အချိန်မှီ ဆေးကုသခွင့်ကို အတားအဆီး ဖြစ်စေရန် လမ်းများ၌ အတားအဆီးများ ချထားခြင်းနှင့် ခွင့်ပြုမိန့် ယူရသည့် ဂိတ်စခန်းများအား ချမှတ်ထားခြင်းများ

[32] https://www.gnlm.com.mm/mohss-director-of-public-health-department-dr-htar-htar-lin-director-general-dr-soe-oo-retired-sentenced-to-prison-under-anti-corruption-law/; https://myanmar-now.org/en/news/health-official-who-kept-covid-19-vaccine-funds-from-junta-hit-with-corruption-charge/

[33] http://documents1.worldbank.org/curated/en/099134001292342538/pdf/P1791060704c4d0720a7ac0c3c23f1b5b90.pdf; http://documents1.worldbank.org/curated/en/099335012232233060/pdf/P17910601de02e0880b23b076d6f795c50d.pdf

[34] A/HRC/48/67

အပါအဝင် ကျန်းမာရေး စောင့်ရှောက်မှု ခံယူခွင့်ကို တားဆီးပိတ်ပင်မှုများ ရှိခဲ့ကြောင်း အခြား ဆွေးနွေးသူများက ဆိုပါသည်။ ဖြစ်ရပ် တစ်ခုတွင် လေကြောင်းတိုက်ခိုက်မှုကြောင့် ဒဏ်ရာရရှိသူ တစ်ဦးသည် ဆေးရုံမရောက်မီ စစ်ဆေးရေး ဂိတ်သုံးခုကို ဖြတ်ကျော်ရာ ကြာမြင့်ခဲ့သည့် ... ခြောက်နာရီ ကြာအောင် အချိန်ယူ ဖြတ်သန်းခဲ့ရပြီး ဆေးရုံရောက်သော်လည်း နောက်နေ့အထိ ဆေးကုသမှု မရခဲ့ရာ ခြေထောက်ဖြတ်ရန် လိုအပ်သည့် အခြေအနေသို့ ဆိုက်ရောက်ခဲ့သည်။ သို့သော်လည်း နောက်ပိုင်းတွင် ထိုလူနာသည် သွေးထွက်လွန်၍ သေဆုံးခဲ့သည်။ ဆေးဘက်ဆိုင်ရာ ထောက်ပံ့ ပစ္စည်းများ သိမ်းဆည်းခံရမှုနှင့် ဖျက်ဆီးခံရမှု သာမက ဆေးရုံ၊ ဆေးခန်းများနှင့် လူနာတင် ယာဉ်များအား တမင်ဖျက်ဆီးမှု အပေါ် တသမတ်တည်း ဖော်ပြသည့် အစီရင်ခံ တိုင်ကြားမှုများကိုလည်း OHCHR က လက်ခံရရှိပါသည်။ မြန်မာ စစ်တပ် စစ်ဆေးရေး ဂိတ်များမှတစ်ဆင့် ပါရာစီတမော ပမာဏ အနည်းငယ်ဖြင့် ဖြတ်သန်းနိုင်သော်လည်း ဒဏ်ရာရလျှင် အသုံးပြုနိုင်သော အရေးပေါ် ဆေးသေတ္တာများနှင့် ဆေးပစ္စည်းများ၊ ပဋိဇီဝဆေးများ၊ ငှက်ဖျားပျောက်ဆေးများ၊ ဆေးခြင်ထောင်များနှင့် မြွေဆိပ်ဖြေဆေးများ ကဲ့သို့ အသက်ရှင်သန်ခွင့် ပိုမိုအားကောင်းစေမည့် မရှိမဖြစ် လိုအပ်သော ဆေးပစ္စည်း အပါအဝင် အခြား ပစ္စည်းများအား သယ်ဆောင်လျှင် ပစ္စည်း အသိမ်းခံရနိုင်ကြောင်း အခြား အင်တာဗျူး ဖြေကြားသူများက ဆိုပါသည်။ မြန်မာစစ်တပ်သည် လူနာတင်ယာဉ်များအား မီးရှို့ခဲ့ကြောင်း၊ ကျပ်သန်း ၃၀ တန်ဖိုးရှိသော ဆေးခန်း တစ်ခုနှင့် ဆေးဝါးများကို မီးကွင်းပစ်ခဲ့ကြောင်း၊ ခွဲစိပ်ခန်းနှင့် သားဖွားခန်း ပါဝင်သော ဆေးရုံ တစ်ခုကို မီးရှို့ဖျက်ဆီးခဲ့ကြောင်း၊ ပြင်ပလူနာ ကုသခန်းကိုလည်း ဗုံးကြဲတိုက်ခိုက်ခဲ့ကြောင်း အခြား သူများက သတင်းပေးပို့ကြပါသည်။

၅၄။ မြန်မာစစ်တပ်သည် ချင်း၊ ကချင်၊ ကယား၊ ကရင်၊ ရခိုင်၊ စစ်ကိုင်းနှင့် တနင်္သာရီ စသည့် ပြည်နယ်တိုင်းတို့တွင် လေကြောင်း တိုက်ခိုက်မှုများနှင့် လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ပြီးနောက် ဒဏ်ရာရရှိသူများအား ဖမ်းဆီးခြင်းနှင့် ကျန်းမာရေး စောင့်ရှောက်မှု ရရှိခွင့်အား ပိတ်ပင်တားဆီးသည့် ပုံစံတူ ဖြစ်ရပ်များအားလည်း OHCHR က မှတ်တမ်းတင်ထားပါသည်။

၅၅။ မြန်မာစစ်တပ်သည် ဆေးရုံများသို့ သွားရောက်ဆေးကုသခွင့်ကို ကိုယ်ထိလက်ရောက် ဟန့်တားမှု မပြုခဲ့သော်လည်း အကြမ်းဖက်မှုကြောင့် ဒဏ်ရာရရှိမှုများ အတွက် ဆေးကုသခွင့် ရရှိရန် ကြိုးပမ်းရာတွင် ဖမ်းဆီးခံရမည်ကို စိုးရိမ်ကြောက်ရွံ့ကြောင်း ဆွေးနွေးသူများက အများအားဖြင့် ထုတ်ဖော်ပြောဆိုကြသည်။ ဖြစ်ရပ်တစ်ခုတွင် ဆိတ်ကျောင်းနေသော ရွာသားတစ်ဦးကို စစ်တပ်က သေနတ်ဖြင့် ပစ်ခတ်ခဲ့ပြီး ထိုရွာသားမှာ ဆေးခန်းတစ်ခုတွင် ဆေးကုသမှု ခံယူပြီးချိန်တွင် စစ်သားများ၏ ဖမ်းဆီးခြင်းကို ခံခဲ့ရသည်။ အခြား သတင်း ဖော်ပြချက်များ အရ စစ်တပ် ဆန့်ကျင်ရေး လက်နက်ကိုင် အဖွဲ့ဝင် ဖြစ်သည် ဟူသော သံသယဖြင့် မြန်မာ စစ်တပ်သည် ကိုဗစ် ၁၉ ကာကွယ်ဆေး ထိုးနေသော လူတစ်ဦး ဖမ်းဆီးခံခဲ့ရသလို ဆေးရုံတွင် ဆေးကုသမှု ခံယူနေသော လူနာတစ်ဦးကိုလည်း ဖမ်းဆီးခဲ့ကြောင်း သိရသည်။ ထိုသို့ ဖမ်းဆီးမှုများကြောင့် လူအများသည် ကျန်းမာရေး စောင့်ရှောက်မှု ခံယူရန် ရှောင်ကြဉ်ကြပြီး ထိုသို့သော ကန့်သတ်မှုများကြောင့် သေဆုံးမှု အများအပြား ရှိသည်ဟု ဆွေးနွေးသူများက အစီရင်ခံတင်ပြခဲ့ကြသည်။ ထိုအခြေအနေကြောင့် တိုင်းရင်းသား လူနည်းစုများ အထူးသဖြင့် ရိုဟင်ဂျာ အသိုက်အဝန်းများမှာ ပို၍ ထိခိုက်နစ်နာမှု ရှိပါသည်။

၅၆။ စဉ်ဆက်မပြတ် ဘေးကင်းလုံခြုံမှု မရှိခြင်းကြောင့် အခြေခံ ကျန်းမာရေး ကဏ္ဍနှင့် အခြား ကျန်းမာရေး ကဏ္ဍများ အပေါ် ဆိုးရွားစွာ သက်ရောက်မှု ရှိပြီး ကြိုတင်ကာကွယ်နိုင်သော သေဆုံးမှုများ ရှိလာပါသည်။ ကိုယ်ဝန်ဆောင် အမျိုးသမီးများသည် လုံလောက်သော ကိုယ်ဝန်ဆောင် ကျန်းမာရေး စောင့်ရှောက်မှုအား ရရှိစေရန် ခက်ခဲကြောင်းနှင့် နေရပ်စွန့်ခွာ ထွက်ပြေးရသော ကိုယ်ဝန်ဆောင် အမျိုးသမီးများမှာ ကိုယ်ဝန်ဆောင်ခြင်းနှင့် သားဖွားခြင်း ဆိုင်ရာ နောက်ဆက်တွဲ ကျန်းမာရေး ပြဿနာများအား ခံစားရနိုင်သည့် အန္တရာယ် ရှိကြောင်း ဆွေးနွေးသူ အချို့က ထောက်ပြသည်။ ဖြစ်ရပ် တစ်ခုတွင်မူ ညမထွက် အမိန့်ကြောင့် သားဖွားမည့် အမျိုးသမီး တစ်ဦးသည် ဆေးရုံသို့ မသွားနိုင်ဘဲ သားဖွား မိခင်နှင့် ရင်သွေးငယ် နှစ်ဦးစလုံး ကွယ်လွန်သွားရသလို နောက်ဖြစ်ရပ် တစ်ခုတွင် ကိုယ်ဝန်သည် အမျိုးသမီးသည် ဆေးကုသမှု ခံယူရန် ခရီးသွားခွင့် မရသဖြင့် ကိုယ်ဝန်ပျက်ကျခဲ့ရသည်။ မွေးကင်းစကလေးငယ်များ အတွက် အခြေခံ ကာကွယ်ဆေး ထိုးပေးရန် ဆေး ရှာမရသော မိဘများ အကြောင်း၊ ဆီးချိုရောဂါနှင့် သွေးတိုးရောဂါ ဝေဒနာရှင်များသည် ၎င်းတို့၏ ရောဂါ အခြေအနေများအား ကုသရန် ဆေးဝါး မရနိုင်သည့် အခြေအနေ အကြောင်း၊ မြို့ပြဆေးရုံများသို့ သွားရောက်ပါက အဖမ်းခံရမည်ကို စိုးရိမ်ကြသော အိတ်ချ်အိုင်ဗွီ ရောဂါသည်များနှင့် တီဘီရောဂါသည်များ အကြောင်းတို့ကို အခြား အင်တာဗျူး ဖြေဆိုသူများက ပြောပြခဲ့ပါသည်။

၅၇။ ထို့ကြောင့် မြန်မာနိုင်ငံတွင် ကျန်းမာရေး အခွင့်အရေး၏ အပြန်အလှန် ဆက်စပ်မှုရှိပြီး မရှိမဖြစ်လိုအပ်သော အခန်းကဏ္ဍများ၊ ကျန်းမာရေး ဝန်ဆောင်မှု ရရှိနိုင်မှု၊ လက်လှမ်းမီနိုင်မှု၊ လက်ခံနိုင်မှုနှင့် ၎င်းတို့၏ အရည်အသွေး၊ ပစ္စည်းနှင့် အဆောက်အအုံများသည် ဆိုးရွားစွာ ချို့ယွင်းလျက် ရှိပါသည်။[35] ထို့အပြင် များပြားလာသော နေရပ်စွန့်ခွာ ထွက်ပြေးရမှု၊ ကလေး ကာကွယ်ဆေးထိုးနှုန်း သိသိသာသာ ကျဆင်းလာမှုနှင့် ငှက်ဖျားရောဂါ ဖြစ်ပွားမှု မြင့်တက်လာခြင်းတို့ကြောင့် ကာကွယ်ဆေးဖြင့် တားဆီးနိုင်မည့် ရောဂါများ ဖြစ်ပွားနိုင်ခြေနှင့် မြန်မာနိုင်ငံ နယ်စပ်ဖြတ်ကျော် ပျံ့နှံ့နိုင်မည့် ဆေးယဉ်ပါးသော ငှက်ဖျားပိုးတို့၏ အန္တရာယ်များနှင့် ပတ်သက်၍ အလွန် စိုးရိမ်ပူပန်မှုများ ရှိနေပါသည်။

## ၄။ စားနပ်ရိက္ခာ လုံလောက်စွာ ရရှိရေး အပေါ် သက်ရောက်မှုများ

၅၈။ အာဏာသိမ်းပြီးနောက် အစောပိုင်းလများတွင် စားသောက်ကုန်နှင့် လောင်စာဆီ ဈေးနှုန်းများ မြင့်တက်လာသည့် အတွက် ထောက်ပံ့ရေး ကွင်းဆက်များ လှုပ်ခတ်မှုရှိသည့် အချိန်မှစ၍[36] မြန်မာစစ်တပ်သည် ၎င်း၏ လူ့အခွင့်အရေး ဆိုင်ရာ တာဝန်ဝတ္တရားများကို ပြောင်ပြောင်တင်းတင်း ချိုးဖောက်သည့် သဘောဖြင့် စားနပ်ရိက္ခာ လုံလောက်စွာ ရရှိခွင့်ကို ပြင်းပြင်းထန်ထန် ချိုးဖောက်နေဆဲ ဖြစ်သည်။

၅၉။ ကျန်းမာရေး စောင့်ရှောက်မှုအပေါ် တိုက်ခိုက်မှုများ ကဲ့သို့ပင် စားနပ်ရိက္ခာ ရပိုင်ခွင့်အား ချိုးဖောက်ခြင်းနှင့် လက်နက်ကိုင် အကြမ်းဖက်မှုများ အကြား ခိုင်မာသော ဆက်နွယ်မှုများ ရှိနေပါသည်။ အပြင်းထန်ဆုံး အကြမ်းဖက်မှုကို ကြုံတွေ့နေရသည့် နိုင်ငံ၏ ပြည်နယ်တိုင်းဒေသကြီးများတွင် စားနပ်ရိက္ခာ ရပိုင်ခွင့် အပေါ် အပြင်းထန်ဆုံး ကန့်သတ်မှုများကြောင့်လည်း အတိဒုက္ခရောက်နေကြရပါသည်။ မြန်မာစစ်တပ်က ကျေးရွာများအား စနစ်တကျနှင့် ကျယ်ကျယ်ပြန့်ပြန့် မီးရှို့မှုများ ကျူးလွန်သည့် ဒေသများ၌[37] မြန်မာစစ်တပ်နှင့် ၎င်း၏ လက်အောက်ခံ အုပ်စုများသည် မြေပြင် စစ်ဆင်ရေး ကာလများအတွင်း ဒေသတွင်းတည်ရှိနေသော စားသောက်ကုန် သိုလှောင်ရုံများကို လုယက်ခြင်းနှင့် ဖျက်ဆီးခြင်း ကျူးလွန်ခဲ့သည် ဟူသည့် သတင်းပေး တိုင်ကြားချက်များအား OHCHR က လက်ခံရရှိခဲ့ပါသည်။ မြန်မာစစ်သားများနှင့် ၎င်း၏ လက်အောက်ခံ လက်နက်ကိုင် အဖွဲ့ဝင်များသည် စားသောက်ကုန်နှင့် အဖိုးတန် ဥစ္စာပစ္စည်းများအား ဖျက်ဆီးလုယက်ခြင်း၊ ခြံမွေး တိရစ္ဆာန်များအား သတ်ဖြတ်ခြင်းနှင့် ရိတ်သိမ်းထားသော ကောက်ပဲသီးနှံများ၊ စားနပ်ရိက္ခာနှင့် သိုလှောင်ရုံများအား မီးရှို့ခြင်းများ ပြုခဲ့ကြောင်း ထွက်ဆိုချက်များ အရ သိရသည်။ မြန်မာစစ်သားများသည် "လူအများ မသောက်သုံးနိုင်အောင် ရေတွင်းများကို ဖျက်ဆီးနေတယ်"ဟု အင်တာဗျူးဖြေဆိုသူ တစ်ဦးက ထပ်လောင်း ပြောကြားခဲ့သည်။

၆၀။ မြန်မာစစ်တပ်သည် ပုဂ္ဂလိကပိုင် စားသောက်ကုန် ထုတ်လုပ်သိုလှောင်သည့် အဆောက်အအုံများကို မီးရှို့ဖျက်ဆီးခြင်း၊ ကုန်သည်များအား စားသောက်ကုန်များကို စစ်တပ်ထံသို့သာ ရောင်းချရန် အတင်းအကျပ်ဖိအားပေးခြင်းဖြင့် ဆန်စပါး ပမာဏအာလုံးကို လက်ဝါးကြီးအုပ် ဝယ်ယူခြင်းနှင့် အခြားဒေသမှ စားနပ်ရိက္ခာ ဝယ်ယူမှုအား တားဆီးပိတ်ပင်ခြင်း အားဖြင့် လူထု၏ စားနပ်ရိက္ခာ ရရှိနိုင်ခွင့်အား ရည်ရွယ်ချက်ရှိရှိ ကန့်သတ်ပိတ်ပင်မှုများ ရှိခဲ့ကြောင်း မီးမောင်းထိုး ဖော်ပြခဲ့ကြပါသည်။ စိုက်ပျိုးမွေးမြူခြင်းအား ပိတ်ပင်တားဆီးရန် လယ်ယာလုပ်ငန်းသုံး စက်ပစ္စည်း ကိရိယာများ၊ ဓာတ်မြေဩဇာနှင့် မျိုးစေ့များကို သိမ်းယူခြင်းသာမက လယ်ယာမြေများအား မြေမြှုပ်မိုင်းများ ချထားခြင်းအားဖြင့် သုံးမရအောင် ပြုလုပ်သည့် လုပ်ရပ်များ အပါအဝင် စိုက်ပျိုးမွေးမြူရေးသုံး ပစ္စည်းများအား သိမ်းယူခြင်းနှင့် သုံးမရအောင် ဖျက်ဆီးခြင်းတို့ကိုလည်း အခြားသူများက အစီရင်ခံ ဖော်ပြကြသည်။ "အဲဒီဒေသက ရွာသားတွေကို ပကဖ (ပြည်သူ့ ကာကွယ်ရေး တပ်ဖွဲ့ဝင်)တွေလို့ ယူဆတဲ့ အတွက် ဒေသခံတွေကို သိမ်းကြုံး အပြစ်ပေးဖို့ ရွာထဲမှာ စစ်တပ်က အိမ်တွေကို မီးရှို့သလို စပါးခင်းတွေနဲ့ စပါးကျီတွေကို ဖျက်ဆီးတယ်"ဟု အင်တာဗျူး ဖြေဆိုသူ တစ်ဦးက ပြောခဲ့သည်။ ဖြစ်စဉ် တစ်ခုတွင် နေရပ်စွန့်ခွာ တိမ်းရှောင်သူ သုံးဦးမှာ ၎င်းတို့ ရွာပြန်၍ ကောက်ပဲသီးနှံ စိုက်ပျိုးရန် ကြိုးစားနေစဉ် အသတ်ခံခဲ့ရသည်။ "ကျွန်မတို့ လူမျိုးတွေ ကိုယ်ဘာသာကိုယ် စိုက်ပျိုးစားသောက်ဖို့တောင် အခွင့်မရကြဘူး။ ဒီလို စိုက်ပျိုးမယ့်သူတွေကလည်း အသတ်ခံကြရတယ်။ ကျွန်မတို့က စားစရာလည်း

[35] စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများဆိုင်ရာ ကော်မတီ၊ အထွေထွေ မှတ်ချက် ၁၄

[36] https://www.wfp.org/news/rising-food-and-fuel-prices-looming-threat-poorest-and-most-vulnerable-myanmar-warns-wfp

[37] A/HRC/52/21

မဝယ်စားနိုင်ကြဘူး။ ဒါကြောင့် ကျွန်မတို့ အတွက် စားနပ်ရိက္ခာ ရပိုင်ခွင့် လုံးဝ မရှိကြဘူး”ဟု ဆွေးနွေးသူ တစ်ဦးက အခိုင်အမာ ဆိုခဲ့ပါသည်။

၆၁။ အကြမ်းဖက်မှုဒဏ်ခံနေရသည့် ဒေသများ တစ်လျှောက်တွင် မြန်မာစစ်တပ်နှင့် ၎င်း၏ လက်အောက်ခံ အုပ်စုများသည် စားနပ်ရိက္ခာ သယ်ယူပို့ဆောင်ရေးကို အနှောင့်အယှက် ပေးခြင်းဖြင့် လုံလောက်သော စားနပ်ရိက္ခာ ရပိုင်ခွင့်ကို ထိခိုက်စေခဲ့ပါသည်။ မြန်မာစစ်တပ်သည် ပုံမှန်အားဖြင့် လက်နက်ကိုင် ပဋိပက္ခဒဏ် ခံရသော ဒေသများ သို့မဟုတ် စစ်ရှောင် ဒုက္ခသည် အသိုက်အဝန်းများ အတွက် စားသောက်ကုန် အမျိုးအစားများ သယ်ယူပို့ဆောင်ခြင်းကို ပိတ်ဆို့ခြင်း သို့မဟုတ် စားနပ်ရိက္ခာ အကူအညီများ ပေးပို့ခြင်း မပြုမီ လိုအပ်ချက် အရ ခွင့်ပြုမိန့် တောင်းခံရခြင်း ရှိကြောင်း OHCHR က သိရှိရပါသည်။ သယ်ယူပို့ဆောင်ရေး လမ်းကြောင်း တစ်လျှောက်တွင် မြန်မာစစ်တပ်နှင့် ၎င်း၏ လက်အောက်ခံ အုပ်စုများသည် စစ်ဆေးရေး ဂိတ်များ ချထားကာ ကူညီထောက်ပံ့မည့် စားသောက်ကုန်၏ သိသာများပြားသော ပမာဏ အချိုးအစားကို သိမ်းယူလေ့ရှိကြောင်း၊ ထိုသို့ သိမ်းယူခြင်းကြောင့် စားနပ်ရိက္ခာ ပေးပို့ရာတွင် မိမိတနိုင်တပိုင် ပမာဏာ ခွဲတမ်းဖြင့်သာ ပေးပို့သည့် အခြေအနေသို့ ဦးတည်စေခဲ့ပါသည်။ အဖြစ်အပျက် တစ်ခုတွင် မြန်မာစစ်တပ်၏ လက်အောက်ခံ အုပ်စုက သယ်ဆောင်လာသော ဆန်အိတ် ၁၅ အိတ်မှ ၁၀ အိတ်ကို သိမ်းဆည်းခဲ့ရာ နောက်ပိုင်း၌ ကုန်ပစ္စည်း ပို့သည့် အခါ တစ်ခေါက်လျှင် ဆန်အိတ် ၅ အိတ်သာ သယ်ဆောင်ကြသည့် အခြေအနေသို့ ဦးတည်သွားခဲ့သည်။ စစ်ဆေးရေး ဂိတ်များ၌ လာဘ်ပေးလာဘ်ယူ၊ အကျင့်ပျက် ခြစားမှု အများအပြား ရှိကြောင်း၊ စားသောက်ကုန် ပစ္စည်းများ သယ်ယူပို့ဆောင်သူများမှာ မကြာခဏ ဖမ်းဆီးခံရကြောင်း ဆွေးနွေးသူများက အတည်ပြု ပြောကြားခဲ့ပါသည်။

၆၂။ စစ်တပ် ဆန့်ကျင်ရေး လက်နက်ကိုင် အဖွဲ့အစည်းများသည်လည်း စားနပ်ရိက္ခာ ရရှိရေး အပေါ် သက်ရောက်မှု ရှိသော သွားလာလှုပ်ရှားမှု ဆိုင်ရာ ကန့်သတ်ချက်များအား ချမှတ်ခြင်း၊ ၎င်းတို့၏ စစ်ဆေးရေး ဂိတ်များတွင် လာဘ်ပေးလာဘ်ယူလုပ်ခြင်းနှင့် မြန်မာစစ်တပ်အား စားနပ်ရိက္ခာ ထောက်ပံ့ပေးသည်ဟု ယူဆသူများအား ဖမ်းဆီးထိန်းသိမ်းခြင်းတို့အား ကျူးလွန်ကြောင်း ဖော်ပြထားသည့် ယုံကြည်လောက်သော အစီရင်ခံချက်များအား လက်ခံရရှိခဲ့ပါသည်။ စစ်တပ် ဆန့်ကျင်ရေး လက်နက်ကိုင် အဖွဲ့အစည်းများက စားနပ်ရိက္ခာ ရပိုင်ခွင့်အပေါ် ကျူးလွန်သည့် ချိုးဖောက်မှုများနှင့် အလွဲသုံးစားပြုမှုများ၏ ပမာဏသည် မြန်မာစစ်တပ်က စားနပ်ရိက္ခာ ရပိုင်ခွင့်ကို ကျယ်ကျယ်ပြန့်ပြန့် ကန့်သတ်သည့် လုပ်ရပ်များနှင့် နှိုင်းယှဉ်ပါက နည်းပါးလှသော်လည်း စားနပ်ရိက္ခာအား လုံလောက်စွာ ရပိုင်ခွင့်၏ အဓိက အခြေအနေအများ အပေါ် ဆိုးရွားစွာ ထိခိုက်မှု ရှိသည်မှာ ထင်ရှားပါသည်။ [38] “ဒီနိုင်ငံမှာတော့ စားနပ်ရိက္ခာ ဆိုတာ တစ်ချို့ အဖွဲ့အစည်းများကို ထောက်ပံ့ဖို့ နည်းလမ်း တစ်ခု သို့မဟုတ် လက်နက်တစ်ခုလို့ ရှုမြင်ကြတယ်။ စားသောက်ကုန် ဆိုတာ အထူး စောင့်ကြည့်ခံနေရတဲ့ အခြေအနေမှာ ရှိပါတယ်၊”ဟု အင်တာဗျူး ဖြေဆိုသူ တစ်ဦးက မှတ်ချက်ပေးခဲ့သည်။

# ၄။ နိဂုံးချုပ်နှင့် အကြံပြု တိုက်တွန်းချက်များ

၆၃။ **အာဏာသိမ်းပြီးနောက်ပိုင်း လူ့အခွင့်အရေး အကျပ်အတည်း ဆက်လက် ဆိုးရွားနေသည် ဖြစ်ရာ မြန်မာနိုင်ငံ၏ လူသားချင်း စာနာမှု အခြေအနေမှာ စိုးရိမ်ဖွယ်ရာ အဆင့် အထိ ဆိုးရွားလာခဲ့ပါသည်။ မြန်မာ စစ်တပ်သည် ၎င်းအားဆန့်ကျင်သည့် အဖွဲ့အစည်းများအား ထောက်ပံ့မှုကို ဖြတ်တောက်ရန် ရည်ရွယ်သည့် “ဖြတ်လေးဖြတ်” မူဝါဒကို အကောင်အထည် ဖော်ဆောင်ခြင်းဖြင့် စားနပ်ရိက္ခာ၊ နေအိမ်အမိုးအကာနှင့် ဆေးဘက် ဆိုင်ရာ အဆောက်အအုံများ အပါအဝင် အသက်ရှင် နေထိုင်ရေး အတွက် လိုအပ်သော အရာဝတ္ထုများနှင့် အခြေခံ အဆောက်အအုံများကို ဖျက်ဆီးရင်း အရပ်သား ထောင်ပေါင်းများစွာကို သေကြေ၊ ဒဏ်ရာရစေပါသည်။ မြန်မာစစ်တပ်သည် နိုင်ငံတကာ တာဝန်ဝတ္တရားများကို ချိုးဖောက်ရာ၌ တိုင်းပြည်၏ တရားဥပဒေနှင့် အုပ်ချုပ်ရေး ကဏ္ဍများကို ကြိုးကိုင်ခြယ်လှယ်၍ အလုံးစုံ ထိန်းချုပ်သည့် စနစ်အားဖြင့်**

38 https://docstore.ohchr.org/SelfServices/FilesHandler.ashx?enc=4slQ6QSmlBEDzFEovLCuW%2BKyH%2BnXprasyMzd2e8mx4fouQpDVshj73SoMLU1JTdjtZDTDYerYia%2BctGqO8NrWmRL%2Ft1OyyKtqjxnygkOzYPp9tCfBWVc0bkQ1mCWULU7

လူသားချင်း စာနာမှု ဆိုင်ရာ အဖွဲ့အစည်းများနှင့် ၎င်းတို့၏ လုပ်ငန်းစဉ်များအား ပစ်မှတ်ထားကာ အသက်တမျှ အရေးကြီးသော အကူအညီ လိုအပ်နေသူများအား ကူညီပံ့ပိုးခြင်းမှ လက်လျှော့လိုက်ရန် သို့မဟုတ် ကြီးလေးလှသော ပုဂ္ဂိုလ်ရေး အန္တရာယ်ဖြင့် အရဲစွန့် ကူညီသည့် လမ်းစဉ်အား ရွေးရန် လူသားချင်း စာနာမှု လုပ်ငန်း ဆောင်ရွက်နေသူများကို အဓမ္မ တွန်းအားပေးနေပါသည်။

၆၄။ လူ့အခွင့်အရေးအား စောင့်ထိန်းရမည့် တာဝန်ရှိသူများသည် အရပ်သား ပြည်သူများအား ကာကွယ်စောင့်ရှောက်ရမည့် တာဝန်ဝတ္တရားကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် ပျက်ကွက်နေပါသည်။ မြန်မာ စစ်တပ်သည် အရပ်သားများအား ပစ်မှတ်ထားကာ လေကြောင်းတိုက်ခိုက်ခြင်းနှင့် ရပ်ရွာလူထု နေထိုင်သော နေရာများအား မီးရှို့ဖျက်ဆီးခြင်းတို့အား အဆက်မပြတ် ကျူးလွန်နေသည် ဖြစ်ကာ နိုင်ငံတစ်ဝှမ်းရှိ လုံခြုံရေး အခြေအနေမှာ ပို၍ ဆိုးရွားလာပါသည်။ များစွာသော လက်နက်ကိုင် အဖွဲ့အစည်းများက မြေမြှုပ်မိုင်းများကို တွင်ကျယ်စွာ အသုံးပြုမှုကြောင့် ပို၍ မလုံခြုံသော အခြေအနေသို့ ဆိုက်ရောက်လာပါသည်။ ရလဒ်အားဖြင့် အဖွဲ့အစည်းများစွာသည် ဘေးဒဏ်သင့် နေရာများရှိ ၎င်းတို့၏ လူသားချင်း စာနာမှု လုပ်ငန်းစဉ်များအား ဆိုင်းငံ့ခြင်း သို့မဟုတ် ကြီးကြီးမားမား မွမ်းမံပြင်ဆင်ခြင်းတို့ ရှိလာရာ အကြမ်းဖက်မှုဒဏ်ကို ခံစားနေရသော လူပုဂ္ဂိုလ် တစ်ဦးချင်းစီ အတွက် လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းစဉ် အမျိုးမျိုး အပေါ် ဆိုးရွားစွာ သက်ရောက်မှု ရှိပါသည်။ လူသားချင်း စာနာမှု လုပ်ငန်းစဉ်များအား လုပ်ငန်းတာဝန်များစွာဖြင့် ဆောင်ရွက်နေရသည့် ဒေသခံ အဖွဲ့အစည်းများမှာ သေဆုံးခြင်း၊ ဖမ်းဆီးခြင်း၊ ညှင်းပန်းနှိပ်စက်ခြင်းနှင့် နှောင့်ယှက်ခြင်း ဆိုင်ရာ ဘေးအန္တရာယ်များကို ဆက်တိုက်ဆိုသလို ရင်ဆိုင်ကြုံတွေ့နေရပါသည်။ ဤအစီရင်ခံစာ၌ မှတ်တမ်းတင်ထားသည့် လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် ကန့်သတ်ပိတ်ပင်မှုများသည် အရပ်သား လူထု တစ်ရပ်လုံး အပေါ် ကျယ်ကျယ်ပြန့်ပြန့်၊ စနစ်တကျ တိုက်ခိုက်ခြင်း၏ အစိတ်အပိုင်း အဖြစ် ဆောင်ရွက်လျှင်၊ ၎င်းချိုးဖောက်မှုများသည် စစ်တပ် အုပ်ချုပ်မှု ဆန့်ကျင်ရေး အုပ်စု၏ တစ်စိတ်တစ်ပိုင်း အဖြစ် ရှုမြင်သော လူပုဂ္ဂိုလ်တစ်ဦးချင်းစီ အတွက် အခြေခံ လူ့အခွင့်အရေးအား ပြင်းထန်စွာ ဆုံးရှုံးစေမည် ဆိုပါက လူသားမျိုးနွယ်အပေါ် ကျူးလွန်သော ရာဇဝတ်မှုဖြင့် သတ်မှတ်ကောင်း သတ်မှတ်နိုင်ပါမည်။

၆၅။ လူသားချင်း စာနာမှု အကူအညီများကို ထိန်းချုပ်ရန် သို့မဟုတ် ခွင့်မပြုရန် ရည်ရွယ်၍ မြန်မာ စစ်တပ်က ချမှတ်ထားသည့် အပြန်အလှန် ဆက်နွယ်မှုရှိသည့် အစီအမံ အများအပြားတို့မှ အဓိက အတားအဆီး တစ်ခုမှာ စစ်တပ် စစ်ဆေးရေး ဂိတ်များ ဖြစ်ပါသည်။ မရှင်းလင်းသည့် စည်းကမ်းချက်များကို မထင်လျှင် မထင်သလို ချမှတ်ဆောင်ရွက်နေသည့် စစ်ဆေးရေး ဂိတ်များရှိကြောင်းနှင့် ထိုဂိတ်များအား ဖြတ်သန်းသွားလာသူတိုင်းကို စိုးရိမ်ကြောက်လန့်နေရကြောင်း တညီတညွတ်တည်း တင်ပြပြောဆိုပါသည်။ လူသားချင်း စာနာမှု အကူအညီ တောင်းခံသူများနှင့် အကူအညီ ပေးလိုသူများသည် စစ်ဆေးရေး ဂိတ်များကို တတ်နိုင်သမျှ ရှောင်ရှားကြဖို့ ကြိုးပမ်းကြပါသည်။ နိုင်ငံတစ်ဝှမ်းတွင် အကြမ်းဖက်မှုများနှင့် မြေမြှုပ်မိုင်း အသုံးပြုမှု တိုးပွားလာခြင်းကြောင့် ယင်းသည် အခြေအနေအား ပိုမို ခက်ခဲလာစေကာ လိုအပ်နေသူများထံ လူသားချင်း စာနာမှု အကူအညီများ အချိန်မီ ရောက်ရှိနိုင်ရေး၊ ကူညီကယ်ဆယ်ရေး ပစ္စည်း အရေအတွက်နှင့် အရည်အသွေးတို့ အပေါ် ဆိုးရွားစွာ သက်ရောက်မှု ရှိစေပါသည်။

၆၆။ မြန်မာစစ်တပ်သည် လူအများ သွားလာလှုပ်ရှားမှုကို စည်းမျဉ်းစည်းကမ်း အမျိုးမျိုး ချမှတ်၍ ကန့်သတ်နေစဉ် ယခင် ရှိပြီးသား တစ်ဖက်သတ် ချမှတ်ထားသည့် ခွဲခြားဆက်ဆံမှု ရှိသော ခရီးသွား ခွင့်ပြုမိန့် တောင်းရသည့် စနစ်အား ဆက်လက် ကျင့်သုံးနေမှုသည် အရေးပါသော အခန်းကဏ္ဍတွင် တည်ရှိပါသည်။ မြန်မာစစ်တပ်သည် ၎င်း၏ ထိန်းချုပ်မှုအောက်တွင် ရှိသော နယ်ပယ်အားလုံးတွင် အကျိုးခံစားခွင့် ရှိသည့် လူအုပ်စုများနှင့် ပေးရမည့် အကူအညီ အမျိုးအစားများ အပြင် မည်သည့် အချိန်တွင် အကူအညီ ပေးရမည် ဟူသည့် အချက်များ အပေါ် မဟာဗျူဟာကျကျ ဆုံးဖြတ်ချလေ့ရှိပြီး ထိုလုပ်ရပ်သည် လူသားဆန်မှု၊ ကြားနေမှု၊ ဘက်မလိုက်မှုနှင့် လွတ်လပ်မှု ဆိုင်ရာ အခြေခံမူများအား ချိုးဖောက်ရာ ရောက်ပါသည်။ အလားတူပင် မြန်မာစစ်တပ်သည် ကုန်ပစ္စည်းများနှင့် လူသားချင်း စာနာမှု အကူအညီ ပစ္စည်းများအား စီးဆင်းမှုအား စနစ်တကျ ကန့်သတ်ခြင်းဖြင့် တားဆီးပိတ်ပင်လေ့ရှိသလို လူအများ ရံပုံငွေများအား လုံခြုံစွာ လွှဲပြောင်းရယူနိုင်ခွင့်ကိုလည်း တားဆီးထားပါသည်။

၆၇။ ထိုသို့ နေရာတကာတွင် အပြန်အလှန် ချိတ်ဆက်မှု ရှိနေသည့် ကန့်သတ်ပိတ်ပင်မှုများသည် မကြာသေးမီက ပြဋ္ဌာန်းထားသော အဖွဲ့အစည်းများ မဖြစ်မနေ လိုက်နာရမည့် မှတ်ပုံတင်ခြင်း ဥပဒေ အပေါ်တွင် အခြေခံ၍ သတ်မှတ်ထားခြင်း ဖြစ်ပါသည်။ အဖွဲ့အစည်း မှတ်ပုံတင်ခြင်း ဆိုင်ရာ ဥပဒေ စနစ်အား

တစ်ဖက်သတ် ကျင့်သုံးခြင်းနှင့် ၎င်းဥပဒေအား မလိုက်နာလျှင် သို့မဟုတ် မှတ်ပုံမတင်ထားသော အဖွဲ့အစည်းများနှင့် ထိတွေ့ဆက်ဆံလျှင် ရာဇဝတ်ကျူးလွန်သူ အဖြစ် သတ်မှတ်ခြင်းဖြင့် မြန်မာ စစ်တပ်သည် အဖွဲ့အစည်းများ မှတ်ပုံတင်ရေး အတွက် ရံပုံငွေ၊ ကုန်ပစ္စည်းများ၊ ခွင့်ပြုမိန်များ၊ ပြည်ဝင်ခွင့် ဗီဇာများနှင့် လူသားချင်း စာနာမှု လုပ်ငန်းများ အတွက် အခြား အရေးပါသော ကဏ္ဍများကို ပေါင်းစည်း၍ ချိတ်ဆက်ထားပါသည်။ အဖွဲ့အစည်း မှတ်ပုံတင်ခြင်းသည် အချိန်ကာလ ကြာမြင့်ပြီး ခက်ခဲရှုပ်ထွေးလှသည့် စီမံအုပ်ချုပ်ရေး ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အပေါ် အခြေခံပြီး ၎င်းလုပ်ထုံးလုပ်နည်းများမှာ ရှင်းလင်း ပြတ်သားခြင်း မရှိသလို စစ်တပ်၏ ဆုံးဖြတ်ချက် အပေါ်သာ မူတည်နေပါသည်။ လျှောက်ထားသူများသည် အသေးစိတ် အချက်အလက်များ လွန်လွန်ကျူးကျူး ပါဝင်သော စာရွက်စာတမ်းများအား ဖြည့်ရန် လိုအပ်ပြီး ထိုသို့ တင်းကျင်းသည့် စစ်ဆေးမှုများသည် လူသားချင်း စာနာမှု အကူအညီပေးခြင်းအား နိုင်ငံရေး အရ အသုံးချရန် ရည်ရွယ်ကြောင်း ညွှန်ပြနေပါသည်။

၆၈။ အထက်ဖော်ပြပါ တွေ့ရှိချက်များကို အခြေခံ၍ ကုလသမဂ္ဂ လူ့အခွင့်အရေး ဆိုင်ရာ မဟာမင်းကြီးသည် မြန်မာ စစ်တပ် အာဏာပိုင်များကို အောက်ဖော်ပြပါ အချက်များအား အကြံပြု တိုက်တွန်းထားပါသည်။

(က) ကုလသမဂ္ဂ လုံခြုံရေး ကောင်စီ၏ ဆုံးဖြတ်ချက် အမှတ် - S/RES/2669(2022) အား လေးစားလိုက်နာရန် မြန်မာနိုင်ငံတစ်ဝှမ်းရှိ ပြည်သူများနှင့် အရပ်ဘက် အခြေခံ အဆောက်အအုံများကို ပစ်မှတ်ထားသော အကြမ်းဖက်မှုနှင့် တိုက်ခိုက်မှု အားလုံးကို ချက်ချင်းရပ်တန့်ပါ။

(ခ) အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ဥပဒေနှင့် နိုင်ငံတကာ လူသားချင်း စာနာမှု ဥပဒေတို့ကို အပြည့်အဝ လေးစားလိုက်နာမှု ရှိစေရန်နှင့် အထူးသဖြင့် အရပ်သား ပြည်သူလူထုကို အကြီးအကျယ် ဒုက္ခရောက်စေသည့် စစ်ဘက် အရပ်ဘက် ပစ်မှတ် ခွဲခြားနိုင်မှု မရှိသော လက်နက်ဖြစ်သည့် မြေမြှုပ်မိုင်း ထောင်ခြင်းမှ ရှောင်ကြဉ်ပါ။ မြေမြှုပ်မိုင်း ထောင်ထားမှု အပေါ် အတိအကျ မှတ်တမ်းတင်ခြင်းနှင့် အမှတ်အသား ပြုခြင်းတို့ကို မဖြစ်မနေ အကောင်အထည် ဖော်ရမည် ဖြစ်ပြီး လူသားချင်း စာနာမှု ဆိုင်ရာ မြေမြှုပ်မိုင်း ရှင်းလင်းသည့် လုပ်ငန်းများအား ဖြစ်နိုင်သည့် အချိန်တိုင်းတွင် အကောင်အထည်ဖော် ဆောင်ရွက်ရမည်။

(ဂ) မတရား ဖမ်းဆီးချုပ်နှောင်ခံရသူများ၊ တရားစွဲခံရသူများ နှင့်/သို့မဟုတ် ပြစ်ဒဏ် ကျခံရသူများ အထူးသဖြင့် လူသားချင်း စာနာမှု လုပ်ငန်း ဆောင်ရွက်ချက်များ အတွက် ထိန်းသိမ်းခံရသူများ သာမက လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ အသင်းအဖွဲ့ ဖွဲ့စည်းခွင့်နှင့် ငြိမ်းချမ်းစွာ စုဝေးလှည့်လည်ခွင့်တို့ ကျင့်သုံးသည့် အတွက် ဖမ်းဆီးခံရသူများ အားလုံးကို ချက်ချင်း လွှတ်ပေးပါ။ စစ်တပ်၏ အာဏာတည်မြဲရေးကို ဆန့်ကျင်ကြောင်း ထုတ်ဖော်ပြောဆိုသူတိုင်းကို နိုင်ငံရေး လှုံ့ဆော်မှုဖြင့် တရားစွဲဆို အရေးယူမှုများအား ရပ်ဆိုင်းပါ။

(ဃ) ၂၀၁၄ ခုနှစ်၊ အဖွဲ့အစည်း မှတ်ပုံတင်ခြင်း ဆိုင်ရာ ဥပဒေအား တစ်ဖက်သတ် ပြင်ဆင်ချက် အပေါ် လက်တွေ့ အကောင်အထည် ဖော်ဆောင်မှုများနှင့် လူသားချင်း စာနာမှု လုပ်ငန်းနှင့် အရပ်ဘက် ကဏ္ဍအား ကန့်သတ်ရန် ရည်ရွယ်သော အခြား လုပ်ရပ်များအား ချက်ချင်း ရပ်တန့်ပါ။ လူသားချင်း စာနာမှု အဖွဲ့အစည်းများသည် ၎င်းတို့၏ အခွင့်အရေးကို အသုံးချခြင်းကြောင့် လက်တုံ့ပြန် အရေးယူခံရမည်ကို စိုးရိမ်ကြောက်ရွံ့ရန် မလိုဘဲ နိုင်ငံတစ်ဝှမ်းလုံးရှိ အကူအညီ လိုအပ်သူ အားလုံးထံသို့ အကန့်အသတ်မရှိ လွတ်လပ်စွာနှင့် စဉ်ဆက်မပြတ် သွားရောက် ကူညီခွင့် ရရှိရန် သေချာဆောင်ရွက်ပါ။

(င) မြန်မာ တစ်နိုင်ငံလုံးရှိ အရေးပေါ် အကူအညီ လိုအပ်နေသော လူထု၏ လိုအပ်ချက်များကို ခွဲခြားဆက်ဆံမှု မရှိဘဲ ဖြည့်ဆည်းပေးရန် ရည်ရွယ်၍ စားနပ်ရိက္ခာနှင့် ကျန်းမာရေး အကူအညီ ပေးရေး ပစ္စည်းများနှင့် ဝန်ဆောင်မှုများအား ရရှိနိုင်မှု၊ လက်လှမ်းမီနိုင်မှု၊ လက်ခံနိုင်မှုနှင့် အရည်အသွေးတို့အား အာမခံ ချက်ပေးရန် ဘဏ်လုပ်ငန်းနှင့် ဘဏ္ဍာရေး ကဏ္ဍများ အပါအဝင် လိုအပ်သော လုပ်ရပ်များအား နှောင့်နှေးကြန့်ကြာမှု မရှိဘဲ ချက်ချင်း လုပ်ဆောင်ပါ။

၆၉။ ကုလသမဂ္ဂ လူ့အခွင့်အရေး ဆိုင်ရာ မဟာမင်းကြီးသည် အမျိုးသား ညီညွတ်ရေး အစိုးရအဖွဲ့နှင့် အခြား လူ့အခွင့်အရေးအား စောင့်ထိန်းလိုက်နာရမည့် တာဝန်ရှိ ပုဂ္ဂိုလ်များကို အောက်ဖော်ပြပါ အချက်များအား အကြံပြု တိုက်တွန်းထားပါသည်။

(က) အရပ်ဘက် စစ်ဘက် မခွဲခြားဘဲ ဖောက်ခွဲရေးပစ္စည်းများ အသုံးပြုမှုကို ရပ်တန့်ရန်၊ လူ့အခွင့်အရေးချိုးဖောက်မှုများ အစီရင်ခံ တိုင်ကြားချက်များကို စုံစမ်းစစ်ဆေးရန်နှင့် ၎င်းတို့၏ ထိန်းချုပ်မှုအောက်ရှိ မြန်မာစစ်တပ် ဆန့်ကျင်ရေး လက်နက်ကိုင်အဖွဲ့များက နိုင်ငံတကာ ဥပဒေအား အပြည့်အဝ လိုက်နာမှုရှိစေဖို့ လုံလောက်သော အစီအမံများအား ချမှတ် ဆောင်ရွက်ရန် အပါအဝင် အရပ်သားလူထုကို ကာကွယ်စောင့်ရှောက်မည့် အဆင့်များ အားလုံးကို ဆောင်ရွက်ပါ။

(ခ) ၎င်းတို့၏ ထိန်းချုပ်မှုအောက်ရှိ ဒေသများတွင် အကူအညီ လိုအပ်နေသူများထံ လူသားချင်း စာနာမှု အကူအညီများ ပေးပို့ရာ၌ ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် အုပ်ချုပ်ရေး ဆိုင်ရာ ကန့်သတ်ချက်များ ချမှတ်ခြင်းမှ ရှောင်ကြဉ်ပါ။

(ဂ) လူသားချင်း စာနာထောက်ထားမှု အဖွဲ့အစည်းများသည် လိုအပ်ချက်များအား စိတ်ဖြာလေ့လာနိုင်ရန်နှင့် တိကျသေချာ၍ သက်သေ အတည်ပြုချက်များ အပေါ် အခြေခံသော အချက်အလက်များ အရ ကူညီကယ်ဆယ်ရေး လုပ်ငန်းစဉ်များအား ရေးဆွဲနိုင်ရန် ၎င်းတို့အား အကန့်အသတ်မရှိ လွတ်လပ်စွာ သွားလာလုပ်ကိုင်ခွင့် ပေးပါ။

၇၀။ ကုလသမဂ္ဂ လုံခြုံရေး ကောင်စီ ဆုံးဖြတ်ချက် အမှတ် S/RES/2669 (2022) ကို မြန်မာစစ်တပ်က ဥပေက္ခာပြုထားသည်ကို ထောက်ရှုလျက် မြန်မာနိုင်ငံတွင် ဖြစ်ပေါ်နေသော လက်ရှိအခြေအနေ၏ နယ်ပယ် အသီးသီးအား အပြည်ပြည်ဆိုင်ရာ ရာဇဝတ် ခုံရုံး (ICC) သို့ လွှဲပြောင်းပေးရန် လိုအပ်သော အဆင့်များအား ဆောင်ရွက်ကြဖို့ ကုလသမဂ္ဂ လူ့အခွင့်အရေး ဆိုင်ရာ မဟာမင်းကြီးက လုံခြုံရေး ကောင်စီအား အကြံပြု တိုက်တွန်းထားပါသည်။

၇၁။ ထို့အပြင် ကုလသမဂ္ဂ လူ့အခွင့်အရေး ဆိုင်ရာ မဟာမင်းကြီးသည် လုံခြုံရေးကောင်စီ၊ အာဆီယံနှင့် အခြားအဖွဲ့ဝင်နိုင်ငံများကို အကြံပြုထားသည်။

(က) မြေပြင် အခြေအနေများကို စဉ်ဆက်မပြတ် အာရုံစိုက်ထားပြီး လက်ရှိအခြေအနေ၏ အတိမ်အနက်အပေါ် အခြေခံ၍ အကျပ်အတည်းများ အဆုံးသတ်နိုင်ရန်နှင့် အသက်ကယ်ဆယ်ရေး အထောက်အပံ့ လိုအပ်သူ အားလုံးထံ သွားရောက်ကူညီနိုင်ခွင့် အခိုင်အမာ ရရှိရန် အလို့ငှာ နိုင်ငံရေး လမ်းကြောင်းအရ ဖြေရှင်းချက်များကို အားပေးမြှင့်တင်နိုင်မည့် လိုအပ်သော ခြေလှမ်းများကို ဆောင်ရွက်ပါ။

(ခ) မြန်မာပြည်သူတို့၏ ခိုင်မာသော တောင်းဆိုချက်များအား ဖြည့်ဆည်းပေးရန် အလို့ငှာ လူသားချင်း စာနာမှု ဆိုင်ရာ အဖွဲ့အစည်းများအား လိုအပ်သော အရင်းအမြစ်များဖြင့် ပံ့ပိုးပေးရန် အတွက် လူသားချင်း စာနာမှု ဆိုင်ရာ တုံ့ပြန်ကူညီရေး စီမံချက် (Humanitarian Response Plan) အား လုံလောက်သော ရံပုံငွေပေးဖို့ အရေးပေါ် ခြေလှမ်းများအား ဆောင်ရွက်ပါ။

(ဂ) ဘင်္ဂလားဒေ့ရှ် နိုင်ငံရှိ ရိုဟင်ဂျာ အသိုက်အဝန်းများသည် အသက်ကယ်ဆယ်နိုင်သော လူသားချင်း စာနာမှု အထောက်အပံ့များ ရရှိကြောင်း သေချာစေရန် “၂၀၂၃ ခုနှစ်၊ ပူးတွဲ တုံ့ပြန်ကူညီရေး စီမံချက် - ရိုဟင်ဂျာ လူသားချင်း စာနာမှု အကျပ်အတည်း” (2023 Joint Response Plan- Rohingya Humanitarian Crisis) အတွက် လုံလောက်သော ရံပုံငွေ ရရှိစေရန် သေချာစေပါ။

(ဃ) ဒေသ အခြေစိုက် လူသားချင်း စာနာမှု အဖွဲ့အစည်းများ အနေဖြင့် အသက်တမျှ အရေးကြီးသော အထောက်အပံ့ ပစ္စည်းများနှင့် ဝန်ဆောင်မှုများအား အကူအညီ လိုအပ်နေသူများကို ကူညီပံ့ပိုးပေးနိုင်ရန် ၎င်းတို့အား လိုက်လျောညီထွေမှု ရှိသော ရံပုံငွေကို တိုက်ရိုက် ပေးပါ။

(င) ကုလသမဂ္ဂ လူ့အခွင့်အရေး ဆိုင်ရာ မဟာမင်းကြီးရုံး (OHCHR) အနေဖြင့် အရပ်သားများကို အကာအကွယ်ပေးခြင်းနှင့် လူသားချင်း စာနာထောက်ထားမှု လုပ်ငန်းများ အပါအဝင် လူ့အခွင့်အရေး အခြေအနေများ အပေါ် သီးခြားလွတ်လပ်၍ ဘက်လိုက်မှု မရှိသော စောင့်ကြည့်လေ့လာခြင်းနှင့် အစီရင်ခံခြင်း လုပ်ငန်းစဉ်များအား ပံ့ပိုးပေးနိုင်ရန် အလို့ငှာ နိုင်ငံအတွင်း အဓိပ္ပာယ် ပြည့်ဝစွာ သွားလာလုပ်ကိုင်ခွင့် ရရှိရေး အတွက် အရေးဆိုပေးပါ။